ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (6-2-2006) (၄၈၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေ

ဧရာဝတီတံတား(ရတနာပုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ကားလမ်းကူး ရထားလမ်းခုံးကျော် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က သင်တန်းကျောင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရေမီးရရှိမှု၊ သင်တန်းကျောင်းဝင်းအတွင်း ရာသီပင်၊ နှစ်ရှည်ပင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆-၂-၂၀၀၆
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံကောင်း အမွေခံကောင်းများ ဆက်လက်ထိန်းသိမ်း သားစဉ်မြေးဆက် အသုံးပြုနိုင်ရေးကြိုးပမ်းအားထုတ်

မြန်မာနိုင်ငံသည် ရေမြေ ရာသီဥတု ကောင်းမွန်ပြီး မြေလွတ်မြေရိုင်းများစွာရှိသော နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝ သယံဇာတ အရင်းအမြစ်များကို အပြည့်အဝဖော်ထုတ် အသုံးချနိုင်ရေးကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ရေမြေ သဘာဝသယံဇာတ အခြေခံကောင်းများကို အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီမံဖန်တီးပေးလျက်ရှိသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေများ တိုးတက်မြင့်မားလာစေရန်နှင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားသော ဒေသများတွင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမှန်ကန်လာစေရေးအတွက် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၁၃ ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ဝါသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးစသည့် လယ်ယာထွက်ကုန်သီးနှံအထွက်များသော မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအကျိုးပြု ဆည်တမံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် မြင်းခြံခရိုင်အတွင်းတွင် တောင်သာဆည်၊ ကျောက်တစ်လုံးဆည်၊ စွန်းလွန်းဆည်၊ တောင်ပင်လယ်ဆည်၊ မြောက်ပင်လယ်ဆည်၊ သမက္ကူဆည်၊ စွန်ကန်၊ ဝဲလောင်ဆည်၊ ပင်းချောင်းဆည်၊ ဇီးတောဆည်၊ မြို့သာဆည်၊ ဖောင်းကတောဆည်၊ နတ်သားတောဆည်စသည့် ရေလှောင်တမံများကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်ရေတင် စီမံကိန်းများဖြစ်သည့် ကျောက်တစ်လုံး၊ ရွာသစ်၊ ငါန်းမြှာ၊ ဆီမီးခုံ(၁)၊ ဆီမီးခုံ(၂)၊ ဆီမီးခုံ(၂)တိုးချဲ့၊ သာပေါင်း၊ ဆိတ်ညံ၊ ကျောဇီဟူသည့် စီမံကိန်းကိုးခုကိုလည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အလားတူ တောင်သာတောင်၊ နန်းမြင့်တောင်၊ ကုက္ကဲတောင်၊ မြင်းစိုင်းတောင်၊ ကျောက်တစ်လုံးတောင်၊ မင်းစုံတောင် စသည့် တောင်စဉ်တောင်တန်းများကို သစ်တောသစ်ပင်များထိန်းသိမ်းစိုက်ပျိုး၍ ပြုစုပျိုးထောင်ပေးလျက်ရှိရာ စိမ်းလန်းစိုပြည်လျက်ရှိသည်။

နိုင်ငံတော်က မြင်းခြံခရိုင် မြင်းခြံဒေသတွင် စက်ရုံအလုပ်ရုံများ၊ ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထူထောင်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရန် မြင်းခြံ-နွားထိုးကြီး-ပလိပ် ရထားလမ်း၊ မြင်းခြံ-ပုဂံ-ညောင်ဦး ရထားလမ်းသစ်များနှင့် မြင်းခြံ-ညောင်ဦး ကားလမ်းသစ်တို့ကို ဖောက်လုပ်ပေးခဲ့သည်။ တစ်ချိန်တည်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြင်းခြံစက်မှုဇုန်ကိုလည်း ထူထောင်ပေးထားသည်။

အဆိုပါဒေသသည် လူဦးရေများပြားပြီး အချက်အချာကျသည့်အတွက် အဆင့်မြင့်ပညာသင်ယူနိုင်သည့် ဒီဂရီကောလိပ်နှင့် နည်းပညာသိပ္ပံတို့ကိုလည်း ခံ့ခံ့ညားညား တည်ဆောက်ပေးခဲ့ကြောင်း တွေ့ရသည်။

ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်က ရင်းနှီးတည်ဆောက်ပေးထားသည့် ရေရရှိရေးလုပ်ငန်းများကို အပြည့်အဝ အသုံးချပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံရေး၊ သီးနှံအထွက်တိုးရေးနှင့် ရေမြေရာသီဥတုကို ထိန်းနိုင်သည့် သစ်တော၊ သစ်ပင်များအား မြတ်မြတ်နိုးနိုး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ရင်းနှီးထူထောင်ပေးထားသော အခြေခံကောင်း၊ အမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရင်း သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိရှိအသုံးပြုနိုင်စေရေး ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မလွန်သီတဂူ အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် မင်္ဂလာဒုံမြို့နယ် မလွန်ဆန်လှူအသင်း ထောက်အဖွဲ့၏ ဆွမ်းဆန်တော် ရေစက်ချ အထူးတရားပွဲကို မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် သီရိလမ်း ဇေယျာသီရိကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၅ရက်မှ စတင်၍ ၁၄ရက်အထိ ညစဉ် ၇ နာရီတွင် ကျင်းပလျက်ရှိရာ အရှင်စန္ဒောဘာသ(မင်းလှ)၊ အရှင်ဣန္ဒက(မကွေး)၊ အရှင်တရဏပဏ္ဍိတ (စစ်ကိုင်း)၊ အရှင်ပညာဝံသ (ပုပ္ပားစကားဝါမြေ)၊ အရှင်ကုသလ (ပျော်ဘွယ်)၊ အရှင်ကောသလ္လ(ဓမ္မဒူတ၊ မုဒုံ)၊ အရှင်အာစာရာလင်္ကာရ(၁၀ဘွဲ့ရ၊ စစ်ကိုင်း)၊ အရှင်နန္ဒောဘာသာဘိဝံသ (၁၀ဘွဲ့ရ၊ ကျိုက်ထို)၊ အရှင်ဝါသေဋ္ဌာဘိဝံသ(ကျောက်တစ်လုံး)နှင့် အရှင်ဉာဏိဿရ(သီတဂူ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်(ယခင်အောင်ဇေယျ မူလတန်းကျောင်း) ယခု အမက(၁၈)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် ၁၉၅၉ မှ ၁၉၇၀ အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး အလှူငွေကို ဦးသိန်းဇံ ဖုန်း-၆၉၉၂၀၃၊ ဒေါ်အေးသိန်း ဖုန်း-၆၉၀၃၄၆၊ ဒေါ်နီနီစော ဖုန်း-၆၉၉၉၈၃၊ ၀၉-၅၁၁၄၈၁၃၊ ဒေါ်မိမိလတ်၊ ဒေါ်ခင်ခင်ညွန့် အမက(၁၈) ဖုန်း-၆၉၉၂၀၂ နှင့် ဦးအေးကို ဖုန်း-၆၉၀၄၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆ခုနှစ် ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်းထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ။ ၁၃၆၇ခုနှစ်၊ ပြာသိုလပြည့်ကျော်(၆)ရက်
၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်။

၁၃၆၇ခုနှစ် (၂၀၀၆)ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၆)ရက် (၃-၄-၂၀၀၆) တနင်္လာနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ၄နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၇)ရက် (၄-၄-၂၀၀၆) အင်္ဂါနေ့	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက် (၅-၄-၂၀၀၆) ဗုဒ္ဓဟူးနေ့	၎င်း	သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက် (၆-၄-၂၀၀၆) ကြာသပတေးနေ့	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၀)ရက် (၇-၄-၂၀၀၆) သောကြာနေ့	၎င်း	ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက် (၈-၄-၂၀၀၆) စနေနေ့	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၃)ရက် (၁၀-၄-၂၀၀၆) တနင်္လာနေ့	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ အဋ္ဌကထာ မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာ
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက် (၁၁-၄-၂၀၀၆) အင်္ဂါနေ့	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ(၁) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလပြည့် (၁၂-၄-၂၀၀၆) ဗုဒ္ဓဟူးနေ့	၎င်း	ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၂)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)နေ ဦးကျော်မြင့်-ဒေါ်တင်ရွှေ၊ သားသမီးတစ်စုတို့က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ကမာရွတ်မြို့နယ် အောင်မင်းခေါင်ဘုရားလမ်းနေ ဦးမျိုးဆွေ-ဒေါ်မြရှင် မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂယာတွင် ပညာသင်ကြားနေသော ရဟန်းတော်များကျောင်းမြေအတွက် လှူဒါန်းငွေကျပ် သိန်း ၈၀၊ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်း အခန်းတစ်ခန်းအတွက် လှူဒါန်းငွေ ကျပ် ၂၈သိန်း၊ သာဝတ္ထိမြန်မာဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းငွေကျပ် ၂၅သိန်း၊ မော်လမြိုင် ဆင်ဖြူကျောင်းတိုက် သံဃာ့ဆေးရုံအတွက် လှူဒါန်းငွေကျပ် ၂၅သိန်း၊ ပုလောမြို့နယ် ပလကျေးရွာ ဇာဒီကျောင်းအမိုးအတွက် လှူဒါန်းငွေကျပ် ၁၅သိန်းနှင့် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ဇန်နဝါရီ ၂၆ရက်က သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ဖေဖော်ဝါရီ ၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူဆီအသုံးပြု၍ မြေကုပ်စက်မောင်းနှင်သရုပ်ပြသမှုကို ကြည့်ရှု အားပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ စတင်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ စတင်ရောက်ရှိလာကြသည်။

အဆိုပါ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်ပေးကြသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲအခမ်းအနားတွင် ပဲခြွေစက်အားကြက်ဆူဆီဖြင့် လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ကန်တော့

ရန်ကုန်တက္ကသိုလ် (၁၉၇၀–၇၁ မှ ၁၉၇၄–၇၅) ဥပဒေ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။ (က–ပ)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါကျောင်း ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို၊ မတိုးတိုးခိုင် ဖုန်း–၀၉၅၁၀၉၄၇၄၊ မမြတ်မြတ်ခိုင် ဖုန်း–၅၄၀၃၄၂၊ ဗိုလ်ကြီးသန်းဇော်ဝင်း ဖုန်း–၀၉–၅၁၂၂၃၂၁၊ ကိုစန်းမြင့် ဖုန်း–၀၉–၈၀၃၄၉၈၂၊ ကိုလွင်မြင့် ဖုန်း–၀၉၉၉၇၁၇၅၀၊ ကိုဖြိုးစည်လွင် ဖုန်း–၀၉–၅၀၀၈၃၉၈၊ မနီနီလေးမြင့် ဖုန်း–၀၉–၅၀၂၀၁၇၃၊ ကိုကျော်စိုး၊ မသင်းသင်းအောင် ဖုန်း–၇၀၆၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဇန်နဝါရီ ၆ရက်က ကျင်းပသည့် အမက(၃၂) မူလတန်းလွန်ကျောင်း လှိုင်သာယာမြို့နယ်၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာအောင်က ဒုတိယတန်းမှ မောင် သက် လင်း ထွန်း အား ဘက်စုံပညာရည် ထူးချွန်ဆုပေးအပ်စဉ်။ (ပညာရေး)

ဒုလ္လဘစာရင်းပေးသွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မဟာစည် ဟိတေသီအဖွဲ့ မိသားစုများ၏ စုပေါင်းရဟန်းခံရှင်ပြု၊သီလရှင်ဝတ် (၃၉)ကြိမ်မြောက် အလှူပွဲကို ဧပြီ ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သို့ပါ၍ စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်လိုသူများသည် ဖေဖော်ဝါရီ ၁၂ရက်မှ မတ် ၁၂ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အီရတ်နိုင်ငံ အနောက်ပိုင်း ဟစ်မြို့တွင်နေအိမ်တစ်အိမ် အတွင်းသို့ ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းနေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ပြန်ပေးဆွဲခံခဲ့ရသည့် ဂျာမန်အင်ဂျင်နီယာနှစ်ဦး အသက်ချမ်းသာခွင့်ရရှိရေး မိခင်များက ပန်ကြား

ဘာလင် ဖေဖော်ဝါရီ ၄

ဂျာမနီအစိုးရက အီရတ်တွင် ပြန်ပေးဆွဲခံခဲ့ရသည့် ဂျာမန်အင်ဂျင်နီယာနှစ်ဦး ပြန်လွှတ်ပေးရေး အတွက် ပြန်ပေးသမားများနှင့် အဆက်အသွယ်ပြုလုပ်နေစဉ် ၎င်းအင်ဂျင်နီယာနှစ်ဦး၏ မိခင်များက ၎င်းတို့၏သားများ အသက်ချမ်းသာရာရရှိစေရန် ကြာသပတေးနေ့က မေတ္တာရပ်ခံလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရီနီဘရေရမ်လစ်ချ်နှင့် သောမတ်စ် နီဇက်စကီတို့၏ မိခင်နှစ်ဦးတို့က ၎င်းတို့သားနှစ်ဦးကို ပြန်လွှတ်ပေးရန် တောင်းပန်တိုးလျှိုးမှုပြုလုပ်နေသည်ကို အေအာဒီ ရုပ်မြင်သံကြားဌာနက ရိုက်ကူးပြီး အယ်လ်-ဂျာဇီယာရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် လွှင့်ထုတ်မည် ဖြစ်သည်။

မိမိတို့သားများကို ရုပ်မြင်ဖန်သားပြင်ပေါ်တွင် မြင်တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့အတွက် ရတက်မအေးဖြစ်မိကြောင်း မိခင်တစ်ဦးက ပြောကြားသည်။

သောမတ်စ်နှင့် ရီနီတို့သည် နိုင်ငံရေးအရ အီရတ်သို့ ခရီးထွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ ၎င်းတို့က အီရတ်ကို အန္တရာယ်ပြုမည့်စိတ်ဓာတ်မရှိကြောင်း၊ မိမိတို့၏ အပြစ်ကင်းစင်သည့် သားနှစ်ဦးကို အသက်ဘေးမှ ချမ်းသာခွင့်ပေးပါရန် မိမိတို့ လှိုက်လှိုက်လှဲလှဲ မေတ္တာရပ်ခံကြောင်း မိခင်တစ်ဦးက ပြောကြားသည်။

၎င်းအင်ဂျင်နီယာနှစ်ဦးသည် အီရတ်နိုင်ငံ ဘေဂျီမြို့ရှိ လုပ်ငန်းဌာန၏ အပြင်ဘက်တွင် ဇန်နဝါရီ ၂၄ ရက်က ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

ပြန်ပေးသမားများက ဘဂ္ဂဒက်ရှိ ဂျာမန်သံရုံးပိတ်ရန်နှင့် အီရတ်နှင့် ပူးပေါင်းဆောင်ရွက်မှု အဆုံးသတ်ရန် ဂျာမန်အစိုးရထံသို့ တောင်းဆိုထားပြီး ၇၂ နာရီ သတ်မှတ်ချိန်ပေးထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်တွင် အီရတ်သတင်းထောက်နှစ်ဦးကို သေနတ်သမားများက ပြန်ပေးဆွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

သေနတ်သမားများက ဆူမာရီယာရုပ်မြင်သံကြားဌာနတွင် လုပ်ကိုင်နေသည့် အီရတ် သတင်းထောက်နှစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ရဲနှင့် ယင်းရုပ်မြင်သံကြားဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြာသပတေးနေ့တွင် ပြောကြားကြသည်။

အသက် ၂၃ နှစ်ရှိ အမျိုးသမီး သတင်းထောက် ရင်းမ်ဇိုက်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အသက် ၂၅ နှစ်ရှိ မာဝမ်ခါဇယ်တို့သည် သတင်းစာရှင်းလင်းပွဲမှ ဘဂ္ဂဒက်မြို့ရှိ ဆူမာရီယာ ရုပ်မြင်သံကြားရုံးသို့ ပြန်လာစဉ် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်ဟု ရုပ်မြင်သံကြားဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

ဓာတ်ပုံဆရာနှစ်ဦး၊ ယာဉ်မောင်းနှင့်အတူ သတင်းထောက်နှစ်ဦး မော်တော်ယာဉ် စီးနင်းလာကြကြောင်း၊ အခြား မော်တော်ယာဉ်တစ်စီးက ၎င်းတို့၏ ယာဉ်ကို ပိတ်ဆို့ခဲ့ကြောင်း၊ သေနတ်သမားငါးဦးက သတင်းထောက် နှစ်ဦးနှင့် မော်တော်ယာဉ်ကို ခေါ်ဆောင်ယူငင်သွားပြီး ဓာတ်ပုံဆရာနှစ်ဦးကို ထားပစ်ခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်ကပြောကြားသည်။

ကြီးစွာဂရုပြု

ဆွန်နီတိုက်ခိုက်ရေးသမားများသည် အီရတ်ရှိ ပြည်ပသတင်းစာဆရာများနှင့် အမေရိကန် ထောက်ခံအားပေးသည့် သတင်းမီဒီယာများမှ သတင်းစာဆရာများကို ပစ်မှတ်ထားကာ မကြာခဏ ပြန်ပေးဆွဲလျက်ရှိသဖြင့် သတင်းစာဆရာများသည် ၎င်းတို့၏ လုပ်ငန်းမှ စွန့်ခွာသို့တည်းမဟုတ်မည်သည့်သတင်းဌာနတွင် လုပ်ကိုင်သည်ဟု ထုတ်ဖော်မပြောကြားမိစေရန် ကြီးစွာဂရုပြုနေကြရသည်။

သို့ရာတွင် ဆူမာရီယာ ရုပ်မြင်သံကြားဌာနသည် အီရတ်လူမျိုးများ ပိုင်ဆိုင်သည့် ပုဂ္ဂလိကဌာနဖြစ်ပြီး ကြားနေဖြစ်ကာ မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ဆက်စပ်မှုမရှိဟု ယင်း ရုပ်မြင်သံကြားဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အသတ်ခံထားရသူ ၁၀ ဦး ဘဂ္ဂဒက်တွင် ရှာဖွေတွေ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

နှိပ်စက်ညှဉ်းပန်းထားသည့် လက္ခဏာရှိသည့် အလောင်း ၁၀လောင်းကို ရဲတပ်ဖွဲ့က ဘဂ္ဂဒက်မြို့၌ ကြာသပတေးနေ့တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြည်ထဲရေး သတင်းရပ်ကွက်က ပြောကြားသည်။

၎င်းအလောင်းများ၏ မျက်စိများကို အဝတ်ဖြင့် စည်းထားပြီး လက်ပြန်ကြိုးတုပ်ထားသည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

အချို့သောအလောင်းများ၏ ခေါင်းများမှာ အဖြတ်ခံထားရပြီး ဓားဖြင့်ထိုးထားသည့် ဒဏ်ရာများရှိနေသည်ဟုဆိုသည်။

အီရတ်နိုင်ငံတွင် ဂိုဏ်းဂဏတင်းမာမှုများ မြင့်မား ပေါ်ပေါက်လျက်ရှိစဉ် မကြာမီလများအတွင်း တွေ့ရှိခဲ့သည့် အလောင်းများ၌ နှိပ်စက်ညှဉ်းပန်းထားသည့် လက္ခဏာများ တွေ့နေရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၂၄၉ ဦးရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၄ရက်အထိ အီရတ်နိုင်ငံတွင် အသက်ဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၂၄၉ဦးထက် မနည်းရှိကြောင်း အေပီသတင်းဌာန လေ့လာချက်အရ သိရှိရသည်။

အထက်ပါ ကိန်းဂဏန်းအနက် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၅၉ ဦးမှာ ခုခံ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်များက ဆိုသည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်းသေဆုံးသွားသော အရပ်သားခြောက်ဦးလည်း ပါဝင်သည်။

အီရတ်နိုင်ငံတွင် အဓိကကျသော စစ်ဆင်ရေးလုပ်ငန်းကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ၂၀၀၃ ခုနှစ် မေလ ၁ ရက်တွင် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က ကြေညာခဲ့သည်။

ထိုကြေညာချက် ထွက်ပေါ်လာပြီးနောက် ဆက်လက်ဖြစ်ပေါ်လာသော ခုခံတိုက်ခိုက်မှုများကြောင့် အသက်ဆုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၁၁၀ ရှိကြောင်း အေပီစာရင်းက ဖော်ပြသည်။ ယင်းအနက် ၁၆၄၅ ဦးထက်မနည်းမှာ ရန်လိုသောတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အင်တာနက်။

ခရီးသည်၁၃၀၀ တင်ဆောင်လာသည့် ကူးတို့သင်္ဘောတစ်စင်း ပင်လယ်နီတွင်နစ်မြုပ်

ကိုင်ရို ဖေဖော်ဝါရီ ၄

ခရီးသည်၁၃၀၀ တင်ဆောင်လာသည့် ကူးတို့သင်္ဘောတစ်စင်းသည် ကြာသပတေးနေ့ ညက ပင်လယ်နီတွင် နစ်မြုပ်ခဲ့ပြီး အသက်မသေကျန်ရှိသူများသည် အီဂျစ်နိုင်ငံ ဆာဖာဂါဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်း တရားဝင်သတင်းရပ်ကွက်က သောကြာနေ့တွင် ပြောကြားသည်။

အဆက်အသွယ်

ရှာဖွေကယ်ဆယ်ရေးလေယာဉ်တစ်စင်းက အသက်ကယ်လှေတစ်စင်းကို မြုပ်သွားသည့် သင်္ဘောအနီးတွင် တွေ့ရှိခဲ့ပြီး ကြာသပတေးနေ့ ညပိုင်းတွင် ကမ်းခြေနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပို့ပေးခဲ့

ကယ်ဆယ်ရေးလှေများက အသက်မသေကျန်ရှိသူအချို့ကို ဆာဖာဂါဆိပ်ကမ်းသို့ ပို့ပေးခဲ့သည်ဟု လုံခြုံရေး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သို့ရာတွင် အလောင်းများ ပင်လယ်အတွင်း မျောလာသည်ကို အီဂျစ်လေယာဉ်တစ်စင်းက မြင်တွေ့သည်ဟု လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

ဘုရားဖူးသွား

ခရီးသည်အများစုသည် ဆော်ဒီအာရေဗျနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အီဂျစ်နိုင်ငံသားများဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။ သို့ရာတွင် ၎င်းအီဂျစ်နိုင်ငံသားများသည် မက္ကာမြို့သို့ ဘုရားဖူးသွားပြီးနောက် ဌာနေသို့ပြန်လာကြစဉ် ယင်းဖြစ်ရပ်ဖြင့် ကြုံတွေ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း စစ်ဆေးရေးဂိတ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ခို့စ်(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံ၌ ရပ်ထားသောကားတစ်စီးမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အစိုးရတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကဖေဖော်ဝါရီလ ၂ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ် အရှေ့တောင်ဘက် စစ်ဆေးရေးဂိတ်၌ ဖေဖော်ဝါရီ ၁ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်များကို အာဖဂန်တပ်ဖွဲ့ဝင်များနှင့်အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးမှုပြုလုပ်ချိန်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောဆိုခဲ့သည်။

ဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားရာ၌ အာဖဂန် ကြည်းတပ် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း ပြည်နယ်ရဲအရာရှိ မာဟမ်မက်ဇာမန်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် တာလီဘန် ပြောက်ကျားများ၏ လက်ချက်အဖြစ် ယူဆရကြောင်း ၎င်းက ဆိုသည်။ ထိုဗုံးခွဲတိုက်ခိုက်ခံရမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များအသေအပျောက်မရှိပေ။

အာဖဂန်နစ္စတန် တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် မကြာသေးမီလများအတွင်းက ဗုံးခွဲ တိုက်ခိုက်မှု ၁၄ကြိမ်ဖြစ်ပွားမှုများ အပါအဝင် အခြားသော တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ပြည်သူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြရသည်။ ထိုသေဆုံးသူ အများစုမှာ အရပ်သားများ ဖြစ်သည်။

တာလီဘန်အစိုးရအဖွဲ့ကို ၂၀၀၁ ခုနှစ် နှောင်းပိုင်းတွင် ဖြုတ်ချလိုက်ချိန်မှ စတင်၍ အမေရိကန် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အစိုးရတပ်ဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံမှ ပြည်ပ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားသည့်တိုင် ၎င်းတို့က ဆန့်ကျင်တိုက်ခိုက်မှုကို ဆက်လက်ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ခို့စ်ပြည်နယ်တွင် ဗုံးဖောက်ခွဲခံရမှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားသံတမန်ကို နှင်ထုတ်ရန် အမေရိကန်၏ဆုံးဖြတ်ချက် နိုင်ငံရေးအရ လက်စားချေမှုသာဖြစ်ကြောင်း ဝေဖန်ပြောကြား

ကာရာကာ့စ် ဖေဖော်ဝါရီ ၄

ဗင်နီဇွဲလားသံတမန်တစ်ဦးကို နှင်ထုတ်ရန် အမေရိကန်၏ သောကြာနေ့ဆုံးဖြတ်ချက်သည် နိုင်ငံရေးအရ လက်စားချေမှုသာဖြစ်ကြောင်း ဗင်နီဇွဲလား လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး မာရီဟာနန်ဒက်ဇ်က ဝေဖန်ပြောကြားသည်။

ဗင်နီဇွဲလားသံတမန် ဂျင်နီဖီဂျာရီဒို ဖရိုင်ယပ်စကို နှင်ထုတ်ရန် အကြောင်းမရှိကြောင်း၊ သို့ရာတွင် ဗင်နီဇွဲလားရှိ အမေရိကန်သံရုံးမှ စစ်သံမှူးဖြစ်သူ ဂျွန်ကော်ရီယာကို မလိုလားအပ်သူဟု ကြေညာကာ ဗင်နီဇွဲလားနိုင်ငံက နှင်ထုတ်လိုက်ပြီးနောက် ယင်းသို့ တုံ့ပြန်မည်ဟု မျှော်လင့်ထားခဲ့ပြီးကြောင်း စသည်ဖြင့် ၎င်းက ရုပ်မြင်သံကြား အစီအစဉ်တွင် ပြောကြားသည်။

ဖီဂျာရီဒိုသည် ဝါရှင်တန်ရှိ ဗင်နီဇွဲလားသံရုံးတွင် ကန့်ကွက်စရာမရှိလောက်အောင် စံပြအဖြစ်ပြုမူနေထိုင်သူ အမျိုးသမီး သံတမန်တစ်ဦးဖြစ်သည်ဟု ဟာနန်ဒက်ဇ်က ထပ်လောင်းပြောကြားသည်။

စွပ်စွဲ

ဖီဂျာရီဒိုကို နှင်ထုတ်ရန် ဆုံးဖြတ်မှုသည် မသင့်တော်သည့် လုပ်ရပ်ဖြစ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ဂျွန်ကော်ရီယာသည် ဗင်နီဇွဲလား ဥပဒေအရ ပြစ်မှုတစ်ခုဖြင့် အစွပ်စွဲခံထားရသူ တစ်ဦးဖြစ်နေသောကြောင့်ဖြစ်ကြောင်း အခြားသော ဗင်နီဇွဲလားသံတမန်တစ်ဦးဖြစ်သူ ပေဗယ်ရွှန်ဒွန်က ပြောကြားသည်။ ကရာကာ့စ်ရှိ အမေရိကန်သံအမတ်ကြီး ဝီလျံဘရောင်းဖီးက ယင်းဖြစ်ရပ် မှန်ကန်ကြောင်း အတည်ပြုပြောကြားပြီး အမေရိကန်သံတမန်ကို နှင်ထုတ်ခဲ့မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ယင်းအမိန့်ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဆက်ဆံရေးသည် ယင်းအခြေအနေအထိ ရောက်ရှိလာမှုအပေါ် မိမိအစိုးရက ယူကျုံးမရ ဖြစ်မိကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားတောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

မော်စကို ဖေဖော်ဝါရီ ၄

ရုရှားနိုင်ငံတောင်ပိုင်း လောင်းကစားမှုများ ကြီးစိုးရာမြို့တစ်မြို့၌ ဖေဖော်ဝါရီ ၁ရက်တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး ၁၄ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အိုဆီတာဒေသ မြောက်ဘက် ဗီလာဒီကက်ကဇ် မြို့လယ်ကောင်ခန်းမများတွင် ထားရှိသော အလိုအလျောက်စားသောက်ကုန် အဖျော်ယမကာများရောင်းချရန် သုံးစွဲသော စက်ပစ္စည်းများ ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြသည်ဟု ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားနိုင်ငံတွင် ယာဉ်နှစ်စီးတိုက်မိ ခရီးသည် ၁၄ ဦးထက်မနည်း မီးလောင်သေဆုံး

လေဂို့စ် ဖေဖော်ဝါရီ ၄

နိုင်ဂျီးရီးယားနိုင်ငံ ယိုဘီပြည်နယ်တွင် ခရီးသည်များ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးသည် ဗင်ကားတစ်စီးနှင့် ခေါင်ချင်းဆိုင်တိုက်မိပြီး မီးလောင်ခဲ့ရာ ခရီးသည် ၁၄ ဦးထက်မနည်း မီးလောင်သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဘတ်စ်ကားတစ်စီးသည် အင်္ဂါနေ့က ပေါ်တစ်စ်ကမ် - ဘော်ချီ လမ်းမတစ်လျှောက်တွင် မောင်းနှင်လာစဉ် တာယာပေါက်ကွဲခဲ့ပြီး အရှိန်ထိန်းမရဖြစ်ကာ အခြားယာဉ်တစ်စီးကို ခေါင်ချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်ဟု လမ်းလုံခြုံရေးကော်မရှင် အကြီးအကဲဖြစ်သူ မမ်မန်က ပြောကြားသည်။ ထိခိုက်ဒဏ်ရာရရှိသူ အများစုမှာ အမျိုးသားများဖြစ်ကြပြီး ၎င်းဒဏ်ရာရသူများကို ပေါ်တစ်စ်ကမ်ဆေးရုံသို့ တင်ထားရကြောင်း၊ ဆိုးဆိုးရွားရွား ဒဏ်ရာရသူ သုံးဦးအနက် တစ်ဦးသည် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း ၎င်းက နိုင်ဂျီးရီးယားသတင်းဌာနသို့ ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်ပိုင် ကက်ရှ်မီးယားဒေသတွင် မြေငလျင်ဒုက္ခသည်များအား ကယ်ဆယ်ရေးပစ္စည်းများ လာရောက်ဝေငှနေသည့် ကုလသမဂ္ဂ ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံမှ ကာကွယ်ဆေးများကို ဗီယက်နမ်နိုင်ငံ တင်သွင်း

ဟန္နိုင်း ဖေဖော်ဝါရီ ၄

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး အလုံးပေါင်းသန်း ၁၅၀ ကို ထပ်မံတင်သွင်းခဲ့ကြောင်း ဒေသဆိုင်ရာ ပိုင်အိုနီးယားသတင်းစာက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြသည်။

အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိသော ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးများကို ယခုနှစ် အစောပိုင်းတွင် အသုံးပြုမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ရေးသားဖော်ပြထားသည်။

၂၀၀၅ ခုနှစ် ဩဂုတ်လတွင် ကာကွယ်ဆေးအလုံးပေါင်း ၂၄၆ သန်းကို ဗီယက်နမ်၌ ထိုးနှံသုံးစွဲခဲ့ပြီးဖြစ်သည်။ ဗီယက်နမ်နိုင်ငံ တစ်ဝန်းရှိ ပြည်နယ်များနှင့် ၂၂ မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ၂၀၀၅ ခုနှစ် အောက်တိုဘာလ အစောပိုင်းတွင် ကျရောက်ခဲ့ကြောင်း၊ သုံးပတ်အကြာတွင် ထိုရောဂါထပ်မံကူးစက်ပျံ့နှံ့မှု မရှိတော့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထိုပြည်နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းဝေးပြီဟု ကြေညာနိုင်ပြီဖြစ်ကြောင်း တိရစ္ဆာန်ဆေးဝါးကုသရေးဌာနက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်း၌ ဗီယက်နမ်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး တင်သွင်းရန်အတွက် နိုင်ငံရန်ပုံငွေကြေးမှ ဗီယက်နမ်ဒေါ်လာ ၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်း)ကို သုံးစွဲခဲ့သည်ဟု တိရစ္ဆာန်ဆေးဝါးကုသရေးဌာန ညွှန်ကြားရေးမှူး ဘိုင်ကူအန်အန်ရှ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ထိုအချိန်က တရုတ်နိုင်ငံမှ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသန်း ၃၄၀၊ နယ်သာလန်နှင့် ပြင်သစ်နိုင်ငံတို့မှ ကြက်ငှက်ကာကွယ်ဆေး ၆ သန်းစီကို ဗီယက်နမ်နိုင်ငံက ဝယ်ယူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နျူကလီးယားပြဿနာကို ကုလသမဂ္ဂသို့ တင်ပြပါက အမှားကြီး မှားလိမ့်မည်ဟု အီရန်သမ္မတဟောင်း ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၄

အီရန်နိုင်ငံ၏ နျူကလီယားပြဿနာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြမည်ဆိုပါက ကြီးစွာသော မှားယွင်းမှုဖြစ်လိမ့်မည်ဟု အီရန်သမ္မတဟောင်း အက်ကဘာဟာရှီ မီရပ်ဖ်ဆန်ဂျာနီက ဥရောပနိုင်ငံများကို သောကြာနေ့က သတိပေးပြောကြားလိုက်ကြောင်း အိုင်အာအင်အေ သတင်းဌာနက ဖော်ပြသည်။

အီရန်နျူကလီးယားပြဿနာကို လုံခြုံရေးကောင်စီသို့ တင်ပြမည်ဆိုပါက ဥရောပနိုင်ငံများမှ ခေါင်းဆောင်များ အနေဖြင့် အမှားကြီးမှားလိမ့်မည်ဖြစ်ကြောင်း၊ ယင်းသို့ မှားယွင်းမှုမဖြစ်စေရန် မိမိအကြံဉာဏ်ပေးခြင်းဖြစ်ကြောင်း အခမ်းအနားတစ်ရပ်တွင် ၎င်းက ပြောကြားသည်။ အီရန်နိုင်ငံသည် တရားဥပဒေနှင့် ညီညွတ်သည့် နိုင်ငံတကာ အခွင့်အရေးများ၏ဘောင်ကို ကျော်လွန်ရန် မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်သလို နျူကလီးယားစွမ်းအင်ကို မှန်ကန်သည့် ရည်မှန်းချက်ဖြင့် အသုံးချနိုင်ရန် ကြိုးပမ်းနေခြင်းသာဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းသို့သော လက်ရှိအကြောင်းခြင်းရာများအရ မိမိတို့ကြောင့် မည်သူမျှ ပြဿနာတွေ့ကြုံစရာမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဥရောပခေါင်းဆောင်များသည် အမှန်တကယ် ရိုးသားဖြောင့်မတ်ပြီး အီရန်က နျူကလီးယားလက်နက်များ ပိုင်ဆိုင်မည်ကို စိုးရိမ်မကင်းဖြစ်နေပါက ယင်းသို့ ယုံကြည်မှုရှိစေရန်အတွက် လုပ်ဆောင်ရန် နည်းလမ်းအများအပြား ရှိနေသည်ဟု ၎င်းက ပြောကြားသည်။

အီရန်က နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)နှင့် တာဝန်ချိန်ပြင်ပတွင် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ကောင်းမွန်သည့် အနာဂတ်ကို မျှော်ကြည့်ပြီး ဉာဏ်ပညာအမြော်အမြင်ရှိသည့် ခေါင်းဆောင်ရှိနိုင်သည်ဟု မိမိထင်မြင်ထားပြီး သမိုင်းတစ်လျှောက်တွင် အမည်းစက်မကျန်ရစ်စေလိုပါဟု ၎င်းက ထပ်လောင်းပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ ပါဆင်ဂ်အားကစားရုံတွင် လူများ တိုးဝှေ့နင်းမိမှုကြောင့် သေဆုံးသွားသူ တစ်ဦးအတွက် ငိုကြွေးနေသော အမျိုးသမီးတစ်ဦးကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မနီလာမြို့တော် အားကစားရုံတွင် လူများတိုးဝှေ့မှုကြောင့် ၆၆ ဦး အသက်ဆုံးရှုံး

မနီလာ ဖေဖော်ဝါရီ ၄

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော် ပါဆင်ဂ်မြို့ရှိ အားကစားရုံတွင် ဖေဖော်ဝါရီ ၄ ရက်က လူအုပ်ဝရုန်းသုံးကားဖြစ်မှုကြောင့် ပြည်သူ ၆၆ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း နယူးပေါ်တယ် ရုပ်သံဌာနက သတင်းထုတ်လွှင့်ပြသသွားသည်။

အခင်းဖြစ်ပွားရာနေရာတွင် လူအုပ်ပိုကာ အသက်ဆုံးသွားသော လူများ၊ ဒဏ်ရာရသူများကို စိစစ်ကယ်ယူခဲ့ရာ နောက်ဆုံးစာရင်းရရှိသော အချိန်အထိ သေဆုံးသူ ၆၆ ဦးရှိပြီး အများအပြား ဒဏ်ရာရရှိကြောင်း သိရှိထားသော်လည်း သေဆုံးသူဦးရေမှာ ထပ်မံတိုးလာစရာရှိနေသည်ဟု ပါဆင်ဂ်မြို့တော်ဝန် ဗင်ဆင်ဆီဘီယိုက ပြောကြားသည်။ အားကစားကွင်းအတွင်း သေဆုံးနေသူများ၏ အလောင်းများ တုံးလုံးပက်လက်ဖြစ်နေသည့် မြင်ကွင်းများ၊ ရဲတပ်ဖွဲ့က ပြည်သူများကို ကြိုးစားထိန်းသိမ်းနေသော မြင်ကွင်းများကို ရုပ်မြင်သံကြားဌာနက ကွင်းအတွင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

အားကစားရုံတွင် အေဘီအက်စ်-စီဘီအင်ရုပ်သံ၏ အစီအစဉ် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ကြည့်ရှုရန် ဖေဖော်ဝါရီ ၄ ရက်တွင် လူထုပရိသတ် ကြိတ်ကြိတ်တိုးရောက်ရှိနေသည်။ ထိုအချိန်တွင် တစ်စုံတစ်ဦးက ဗုံးတွေ့ရကြောင်း အော်ဟစ်လိုက်သည့်အတွက် လူအများ ကြောက်လန့်တကြားထွက်ပြေးရာမှ ဝရုန်းသုန်းကားမှု ဖြစ်ပွားရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ဆိုင်ရာက ပြောကြားခဲ့သည်၊

အမ်အင်အေ၊ဆင်ဟွာ။

အနာကြီးရောဂါကင်းဝေးရေး နှစ်(၅၀)ခရီး

ဒေါက်တာကျော်မြင့်
(စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံတွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းနှင့် ဆက်နွယ်နေသော ဝန်ကြီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနက် အနာကြီးရောဂါကင်းဝေးရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရရှိခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီလကုန်တွင် တစ်နိုင်ငံလုံး၌ အနာကြီးရောဂါကင်းဝေးပြီး ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် မတည်ရှိတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

၎င်းအောင်မြင်မှုရလဒ်ရရှိအောင် ရေရှည်လုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ရပြီး နှစ်ပေါင်း၅၀ခရီး (၁၉၅၂–၂၀၀၂) ကြာမြင့်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှကင်းဝေးရန် တိုက်ဖျက်နိုင်ခဲ့သော ကမ္ဘာ့နိုင်ငံ ၁၂၂နိုင်ငံတွင်တစ်ခုအပါအဝင် ဖြစ်ပေသည်။

အနာကြီးရောဂါသည် နှစ်ပေါင်းရာထောင်ချီပြီး လူ့သမိုင်းတွင် အနာကြီးရောဂါအား ကုသရန်ဆေးမရှိခဲ့သော ဆေးပညာပြဿနာ (Medical Problem)၊ လူတစ်ဦးမှတစ်ဦးကို ကူးစက်မှုကို ဟန့်တားစေနိုင်သော နည်းလမ်းမရှိသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem)၊ ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ လူမှုဒုက္ခများစွာ ဝေဒနာရှင်လူသားများကို ဖြစ်စေတတ်သော ပြဿနာ (Human Problem)များ ဖြစ်ပွားခဲ့သော ရောဂါဆိုးကြီးတစ်ခု ဖြစ်ခဲ့ပေသည်။

အနာကြီးရောဂါကို ဖြစ်စေသောရောဂါပိုး Mycobacterium Leprae ကို ၁၈၇၃ခုနှစ်တွင် နော်ဝေနိုင်ငံမှ Dr. Hansen က စတင်တွေ့ရှိခဲ့သည်။ ရောဂါပိုးကို တွေ့ရှိခဲ့သော်လည်း ကုသရန်ဆေးကို အလွယ်တကူ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၁၈၉၇ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပခဲ့သော ပထမဆုံးအကြိမ် အနာကြီးရောဂါညီလာခံတွင် **"ဤရောဂါသည် ကုသပျောက်ကင်းနိုင်သော ရောဂါမဟုတ်"**ဟု တညီတညွတ်တည်း သဘောတူ သတ်မှတ်ခဲ့ကြသည်။ ယခုခေတ်ပေါ် HIV/AIDS ရောဂါကဲ့သို့ ကုရာနတ္ထိ ဆေးမရှိသော ရောဂါဖြစ်ခဲ့ပြီး ရောဂါရှိသူများကို မြို့ပြင်၊ ရွာပြင် ထုတ်ထားခြင်းသည် ရှေးပဝေသဏီကပင် စတင်ကျင့်သုံးခဲ့သော အလေ့အထ တစ်ခုဖြစ်ခဲ့သည်။ ဤရောဂါ ဖြစ်ပွားမှုများပြားခဲ့သော ၁၃ရာစုနှစ်ခန့်က ဥရောပနိုင်ငံများတွင် လူနာများအား ရှောင်ရှားကြခြင်း၊ သီးသန့်ခွဲခြားထားခြင်းတို့သည် ယနေ့ခေတ်တိုင် အမြစ်တွယ်ခဲ့သည်။

> **တတိယအကြိမ်မြောက်**
> **အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့**
> **(၆–၂–၂၀၀၆)**
>
> ## "အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"
>
> **အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ**
>
> - **အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်–**
>   - **ယားယံမှုမရှိခြင်း**
>   - **နာကျင်မှုမရှိခြင်း**
>   - **ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း**
>   - **အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျား၊မ မရွေး၊ အတန်းအစား မရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။**
> - **သင့်ရပ်ရွာတွင် အနာကြီးရောဂါ ကင်းဝေးလိုပါသလား။**
>   - **အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။**
>   - **အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။**
>   - **ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။**
>   - **MDT (အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ရနိုင်ပါသည်။**
>
> ကျန်းမာရေးဝန်ကြီးဌာန။

အနာကြီးရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစောစီးစီး စနစ်တကျကုသမှုခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချို့ယွင်းပျက်စီးစေတတ်သော ရောဂါဖြစ်ပါသည်။ လူတိုင်း ရုပ်ပျက်ဆင်းပျက်၊ ခန္ဓာကိုယ်ပျက်စီးမည်ကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် လူနာများကို ရွံရှာကြသည်။ လင်နှင့်မယား၊ သားနှင့်အမိ ရောဂါဖြစ်လျှင်ပင် ရင်နာနာဖြင့် ခွဲခြားထားခဲ့ကြသဖြင့် ရောဂါတိုက်ဖျက်ရေးအတွက် အလွန်ကြီးမားသော အဟန့်အတားကြီး ဖြစ်ခဲ့သည်။ ဆေးပညာရှင်များ ကြိုးပမ်းမှုဖြင့် ၁၉၄၁ခုနှစ်တွင် ဆာလ်ဖုံးဆေးကို အနာကြီးရောဂါ ကုသရာ၌ စတင်အသုံးပြုခဲ့ပြီး လူနာများအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းခဲ့ရသည်။ ဆာလ်ဖုံးဆေးတစ်မျိုးတည်းကို အသုံးပြုရာတွင် လူနာများအား ငါးနှစ်မှတစ်သက်လုံး တိုက်ကျွေးခဲ့ရပြန်သည်။ ၁၉၆၄ ခုနှစ်တွင် ဆာလ်ဖုံးဆေးမတိုးတော့သော ပြဿနာ စတင်ပေါ်ပေါက်လာပြီး လူနာများအတွက် ဆေးဝါးကုသရေး အခက်အခဲ ထပ်မံ ကြုံတွေ့ခဲ့ကြသည်။ ဤသို့ ဆာလ်ဖုံးဆေးတစ်မျိုးတည်းဖြင့် ကုသခဲ့ရာမှ ၁၉၈၂ခုနှစ်မှ စတင်၍ ယခုလက်ရှိအသုံးပြုနေသော MDT (Multi- Drug Therapy) ဆေးပေါင်းကျွေးကုထုံးကို စမ်းသပ်အသုံးပြုနိုင်ခဲ့ရာ လူနာများ ခြောက်လမှတစ်နှစ်အတွင်း ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ၁၉၈၂ခုနှစ်မှစ၍ အနာကြီးရောဂါ လူနာများကို ယင်း MDT ကုထုံးဖြင့် ကုသရန် ထောက်ခံအတည်ပြုခဲ့သည်။

ဆေးကုသချိန်တိုတောင်းခြင်း၊ ဆေးစွမ်းထက်ခြင်းကြောင့် လူနာများ ယုံကြည်အားကိုးစွာ လက်ခံလာကြသည်။ ဤသို့ MDT ပေါ်ပေါက်ပြီး ၁၀နှစ်တာကာလအတွင်း လူနာများ ရောဂါဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၁ ခုနှစ်တွင် အနာကြီးရောဂါကို ၂၀၀၀ပြည့်နှစ်အရောက်တွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ပပျောက်စေရန် **"အနာကြီးရောဂါကင်းဝေးရေး"** ရည်မှန်းချက်ကို ၁၉၉၁ခုနှစ်မှ စတင်ချမှတ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးရွာများ အရောက် ကွင်းဆင်း၍ လူနာများရှာဖွေပြီး Dapsone (ဒက်ပဆုံး) ဆေးတစ်မျိုးတည်းတိုက်ကျွေးမှုကို စတင်ဆောင်ရွက်ပေးခဲ့သည်။ Dapsone ဆေး ယဉ်ပါးမှုပြဿနာဖြစ်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော MDT ကုထုံးကို ၁၉၈၆ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

၁၉၈၈ခုနှစ်တွင် အနာကြီးရောဂါအဖြစ်များသော စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းများတွင် တစ်ပြည်လုံး၏ ၈၅ရာခိုင်နှုန်းသော လူနာများကို MDT ဆေးတိုက်ကျွေးနိုင်ခဲ့သည်။ MDT လွှမ်းခြုံမှုပိုမိုကောင်းမွန်စေရန် အခြေခံကျန်းမာရေးဝန်ထမ်းများက MDT ဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ၁၉၉၁ခုနှစ်မှစ၍ ပေါင်းစည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ခုနှစ်တွင် တစ်ပြည်လုံးရှိ လူနာများအားလုံး ရာခိုင်နှုန်းပြည့်နှင့် ၁၉၉၆ခုနှစ်တွင် နယ်စပ်ဒေသပါမကျန် နယ်မြေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရအောင် ဆောင်ရွက်ခဲ့သည်။

အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် စီမံရေးရာကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများကလည်း လိုအပ်သော ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပေးခဲ့ကြသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နီးနွယ်ဆက်စပ်နေသော ဌာနများအပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပေသည်။

ထိုသို့ ကူညီဆောင်ရွက်ရာတွင် အထက်ပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားအနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အောင်မြင်အောင် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ၂၀၀၃ခုနှစ်က ကျင်းပခဲ့သည့် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး ညီလာခံကြီး၌ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများနှင့် စေတနာရှင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ရှေ့တွင် မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ကြေညာနိုင်ခဲ့ပေသည်။ ၁၉၅၂ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ နှစ်ပေါင်း ၅၀ကြာ ကြိုးပမ်းအားထုတ်ခဲ့ရခြင်းကြောင့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေကို ပြန်ပြောင်းလေ့လာလျှင်–

၁၉၇၇ ခုနှစ်တွင်	လူဦးရေတစ်သောင်းလျှင်	၈၆ ဒသမ	၂ဦး
၁၉၈၇ ခုနှစ်တွင်	,,	၅၃ ဒသမ	၄ဦး
၁၉၉၇ ခုနှစ်တွင်	,,	၂ ဒသမ	၉ဦး
၂၀၀၅ ခုနှစ်တွင်	,,	၀ ဒသမ	၄၄ဦး

စသည်ဖြင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်း တဖြည်းဖြည်း လျော့နည်းကျဆင်းသွားခဲ့သည်ကို တွေ့မြင်ရပေသည်။

လူ့သက်တမ်းတစ်ဝက်ကျော် နှစ်ပေါင်း၅၀ကြာ ကြိုးပမ်းခဲ့သော ရလဒ်မှာ အနာကြီးရောဂါကင်းဝေးသော နိုင်ငံတစ်ခုအဖြစ် ကျန်းမာရေးသမိုင်းတွင် မှတ်ကျောက်တင်နိုင်ခဲ့ပြီ ဖြစ်သည်။ အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ဖော်ပြလိုသည်။

၎င်းတို့မှာ–

- အနာကြီးရောဂါကင်းဝေးရေးကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့်
- ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများ ဆုံးရှုံးနေသူများအား မူလလူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်အောင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများပင် ဖြစ်သည်။

အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးပြီဆိုသော်လည်း ကုသရန်ကျန်နေသေးသော လူနာများ အောက်ပါအတိုင်း ရှိနေနိုင်သည်–

- ကျန်နေသောဒေသများ၊ ဥပမာ– မြို့ပြဆင်ခြေဖုံးရပ်ကွက်မှ လူနာများ၊
- အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမရသော ချန်ထားခဲ့ရသော ဒေသများမှ လူနာများ၊
- ရောဂါကြောင့် အရှက်အကြောက်ကြီးပြီး ပုန်းရှောင်နေသော လူနာများ၊
- နာတာရှည် ကူးစက်ရောဂါဖြစ်၍ ရောဂါကူးစက်ခံရပြီး ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာနေဦးမည်ဖြစ်သော လူနာသစ်များ။

အဆိုပါလူနာများအား ရှာဖွေဖော်ထုတ်ပြီး စောစီးစွာ ကုသမှုများ ရရှိရန် အထူးစီမံချက်များချမှတ်ကာ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အနာကြီးရောဂါ လူနာများ ရှာဖွေဖော်ထုတ်ကုသရာ၌ **"အရေပြားပေါ်တွင် အဖြူကွက်၊ အနီကွက်စသော ထုံကျဉ်နေသော မသင်္ကာဖွယ်အကွက်တွေ့လျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ မရှက်မကြောက် လာရောက်ပြသစေရန်"** အထူးလိုအပ်သည်။

၁၉၈၈ခုနှစ်မှစ၍ ၂၀၀၅ခုနှစ် နှစ်ကုန်အထိ မြန်မာနိုင်ငံတွင် MDT ဆေးကျွေး ကုသပျောက်ကင်းသူ ဦးရေ နှစ်သိန်းခြောက်သောင်းကျော်အထိ ရှိခဲ့သည်။ ယင်းဆေးသောက်ပြီးသော လူနာဟောင်းများ၏ ခန္ဓာကိုယ်တွင် ရောဂါပိုးကင်းစင်၍ အခြားသူများသို့ ရောဂါကူးစက်မှု မရှိတော့ပါ။ သို့ရာတွင် အာရုံကြော ထိခိုက်ပျက်စီးမှုကြောင့် ဖြစ်တတ်သော ခြေ၊ လက်၊ မျက်နှာတစ်ခုခုသို့မဟုတ် တစ်ခုထက်ပို၍ ပျက်စီးနေသောသူများသည် လူနာဟောင်းများ၏ ၃၀ မှ ၃၅ ရာခိုင်နှုန်းအထိ ရှိနေသည်။ ၎င်းလူနာဟောင်းများနှင့် မိသားစုတို့အား ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုစီးပွားရေးပိုင်းဆိုင်ရာများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ကျန်ရှိနေရာ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ရန် အထူးအရေးကြီးလှပေသည်။ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"**ဟူသော လူမှုရေး ဦးတည်ချက်နှင့်အညီ အနာကြီးရောဂါ ဝေဒနာရှင်ဟောင်းများ၏ လူနေမှုဘဝမြှင့်တင်ရေးမှာ အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။

ဤကဲ့သို့ နှစ်ပေါင်း၅၀ကြာ အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရသော အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက်ဆောင်ရွက်မှုကို မှတ်တမ်းတင် ဂုဏ်ပြုရင်း ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၆ရက်(ယနေ့)တွင် ကျရောက်သည့် **"တတိယအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့"**ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

*** ကျောဖုံးမှ**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အောင်မင်းအောင် စေတီ ရွှေထီးတော်တင် မင်္ဂလာအခမ်း အနားနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်း အနားများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ပရိတ်တရားတော်နာယူ

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီး များထံမှ မေတ္တာသုတ် ပရိတ်တရား တော်များ နာယူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲတို့ကို ယူဆောင်၍ အောင်မင်းအောင်စေတီ ပရိဝုဏ်၌ ပက်ဖျန်း ချည်နှောင်ကြ သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်နှင့် တာဝန်ရှိသူများက အောင်မင်းအောင်စေတီတွင် တင်လှူ ပူဇော်မည့် စိန်ဖူးတော် အပါအဝင် ရွှေထီးတော် အစိတ်အပိုင်းများကို စေတီတော်သို့ ရည်မှန်း၍ ဆရာတော် ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်း လိုက်သည်။

ပင့်ဆောင်

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် နှင့် အဖွဲ့ဝင်များက ရွှေထီးတော် အစိတ်အပိုင်းများကို ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ အောင်မင်းအောင် စေတီသို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ရွှေထီးတော်တင်လှူပွဲ နှင့် အနေကဇာတင် မင်္ဂလာအခမ်း အနားကို ကျင်းပရာ ရှေးဦးစွာ နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ် သည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တို့က အောင်မင်းအောင်စေတီတော်၏ ထီးတော်ကို တင်လှူကြပြီး အမွှေးနံ့သာ ရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက အောင်မင်းအောင်စေတီ၏ စေတီရံ ရှစ်ဆူတို့ကို ရွှေထီးတော်များ တင်လှူ ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ထိုအချိန်တွင် မင်္ဂလာအခါတော်ပေး ဆရာကြီး ဦးကျော်က အောင်ဂါထာ တော်များ ရွတ်ဆိုပူဇော်သည်။

ထို့နောက် ဆရာတော်ကြီးများက အောင်မင်းအောင် စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော် ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယင်းနောက် ရှင်ဥပဂုတ္တမထေရ် ပူဇော်ပွဲ၊ ရေစက်ချမင်္ဂလာ အခမ်း အနားနှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ဥယျာဉ်ဖွင့်ပွဲ၊ အလှူရှင် ကမ္ပည်း ကျောက်စာဖွင့်ပွဲ အခမ်းအနားများကို နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်ရှိ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲ အခမ်းအနားကို မင်္ဂလာကန်တော် အတွင်းရှိ ရှင်ဥပဂုတ္တမ ကျောင်းဆောင် တော်၌ ကျင်းပရာ ကြွရောက်တော်မူ ကြသည့် ဆရာတော်ကြီးများက ပရိတ် တရားတော်များ ရွတ်ပွားချီးမြှင့်ကြ သည်။

ထို့နောက် အခမ်းအနားမှူး သာသနာ ရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်က ရှင်ဥပဂုတ္တဂါထာတော်များ ရွတ်ပွား ပူဇော်သည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ အောင်မင်းအောင် စေတီတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အောင်မင်းအောင်စေတီတော်အား ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

ရေစက်ချမင်္ဂလာ

ဆက်လက်၍ ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါ စရိယ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော်ထံ မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ် များက ကိုးပါးသီလ ခံယူဆောက်တည် ကြပြီး ဆရာတော်ကြီးများထံမှ ပရိတ် တရားတော်များ နာယူကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တာဝန်ရှိသူများနှင့် အလှူရှင် မောင်ဝိတ်နှင့်မိသားစု ကုမ္ပဏီတို့က ဆရာတော်ကြီးများအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းရွှေက ထုတိမင်္ဂလာ အောင် ဩဘာစာကို ဖတ်ကြားလျှောက်ထား သည်။

အမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ဩသဓာဘိဝံသ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူး ပြုသော ပရိသတ်များက အနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေ ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရှင်ဥပဂုတ္တ မင်္ဂလာ ကန်တော်ဥယျာဉ် ဖွင့်ပွဲနှင့် အလှူရှင် ကမ္ပည်းကျောက်စာဖွင့်ပွဲ အခမ်းအနား ကို ကျင်းပရာ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အလှူရှင် မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ဝိတ်တို့က ရှင်ဥပဂုတ္တမင်္ဂလာ ကန်တော်ဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အလှူရှင် ကမ္ပည်းကျောက်စာ ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင် များ၊ အလှူရှင် မိသားစုဝင်များက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာ ရည်များ ပက်ဖျန်းပေးကြကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်ဥယျာဉ် အတွင်း ပြုပြင်မွမ်းမံတည်ဆောက်ထား မှုကို လှည့်လည်ကြည့်ရှုကြသည်။

လှူဒါန်း

ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် အတွင်းရှိ ရှင်ဥပဂုတ္တ ကြေးသွန်းရုပ်ပွား တော်၊ ကွန်ကရစ်ကျောင်းဆောင်တော်၊ ကွန်ကရစ်နတ်လမ်းတံတား၊ ကန်တော် ပတ်လမ်း၊ ပန်းခြံပတ်လမ်းနှင့် တံတား များ၊ သဘာဝ စမ်းချောင်း၊ ရေတံခွန် နှင့် နားနေဆောင်ငယ်များ စသည့် အဆောက်အအုံများကို အလှူရှင် မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီက ငွေကျပ် သိန်းပေါင်း ၂၇၀၀ ကျော် အကုန်အကျခံ၍ ကိုယ်တိုင်တည် ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ဥယျာဉ်ကို သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နှင့် အလှူရှင် မောင်ဝိတ်နှင့် မိသားစု ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်ဝိတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ဥယျာဉ်ဖွင့်ပွဲ ရေစက်ချ မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၆)တွင် ကိုကို (စက်မှု တက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ တစ်နှစ်လျှင် လက်တွန်းထွန်စက် အစီး တစ်သောင်း ထုတ်လုပ်ပေးမည့် စက်ရုံတည်ဆောက်၊ ရင်သားကင်ဆာ ခွဲစိတ် ကုသမှု ခံယူပြီးသူများ ပြန်လည်အစားထိုးခြင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်မည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ်တစ်ရာပြည့်ပွဲတော်အတွင်း ဝင်ငွေ ကျပ်သိန်း ၄၀၀ ကျော်ရရှိ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိ လာသည်။

ဖိလစ်ပိုင်ကလေး တစ်သောင်းကျော် သွားတိုက်ပြိုင်ပွဲ ကမ္ဘာ့စံချိန်ချိုးရန် အားထုတ်၊ နှစ်သစ်၏ ကံကြမ္မာကို ဟောင်ကောင်က စာချတူဖြင့် ကြိုတင်ကြည့်၊ မျက်စိကစားသော လုံမကို ယောကျ်ားသားတို့ သဘောကျ၊ ဟာသအပြော ကောင်းသူကို မိန်းမတို့သဘောကျ၊ ပိုလန်နိုင်ငံ၌ ပြပွဲအမိုးပြို၍ ကွယ်လွန်သူ ၆၆ ဦးအတွက် ပူဆွေးမှုကာလကျင်းပစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း–၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က–ပ)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)တွင် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)က သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

စိုက်ပျိုးထားမှု၊ ဆိတ်၊ နွားမွေးမြူထားမှု၊ ပထမအဆင့်အနေဖြင့် ကြက်ဆူပင် ၁၂၁၃သမ ၂၈ ဧက၊ ဒုတိယအဆင့်အနေဖြင့် ကြက်ဆူပင်ငါးဧက စိုက်ပျိုးရန်အတွက် မျိုးစေ့များ စုဆောင်းပျိုးထောင်ထားမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုးရေး

ထို့နောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းကျောင်းဝင်းအတွင်း လက်ရှိစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နှစ်ရှည်ပင်သီးနှံ၊ ရာသီ သီးနှံများနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းများကို မထိခိုက်စေဘဲ သရက်၊ ပိန္နဲ၊ တညင်းကဲ့သို့သော နှစ်ရှည်သီးနှံအပါအဝင် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးသွားရေး ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း၏ မန္တလေးဘက်ကမ်း တည်ဆောက်ရေးစီမံကိန်းရုံးသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် မန္တလေးဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေးမြင့်တို့က တံတားဆိုင်ရာ အချက်အလက်များ၊ တံတားသံပေါင် တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းတို့ရှိ ချဉ်းကပ်လမ်းနှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်ခုံးကြီးများ အဆင့်လိုက် တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြရာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရောဝတီတံတား(ရတနာပုံ)၏ မန္တလေးဘက် ချဉ်းကပ်လမ်းသည် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ဖြတ်သန်းသည့်အတွက် မန္တလေး-မြစ်ကြီးနား ရထားလမ်း မိုင်တိုင်(၃၉၀/၇)တွင် တံတားအကျယ် ၇၅ပေ၊ အရှည် ၁၁၅ ပေရှိ သံကူကွန်ကရစ်အမျိုးအစား Twin Tunnel (Under Pass) ကားလမ်းကူး၊ ရထားလမ်းခုံးကျော် ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က သိရှိလိုသည်များကို ထပ်မံမေးမြန်းကြပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ရေယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ကားလမ်းကူး ရထားလမ်းခုံးကျော် Twin Tunnel (Under Pass) တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရောဝတီတံတား(ရတနာပုံ)မှာ အရှည် ၅၆၁၄ပေရှိ လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးနှင့် စစ်ကိုင်းနှစ်ဖက်စလုံးမှ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြရာ ယခုအခါ မန္တလေးဘက် ချဉ်းကပ်တံတားလုပ်ငန်းများနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ပင်မတံတား၌ RP-5 နှင့် RP-6 တို့အကြား သံပေါင်ခုံးမှာ လုံးဝ တပ်ဆင်ပြီးစီးသွားပြီးဖြစ်ရာ ပင်မတံတား သံပေါင်တပ်ဆင်မှု လုပ်ငန်းစုစုပေါင်း ၁၁၂၆ မီတာအနက် ၈၈၆ မီတာ တပ်ဆင်တည်ဆောက်ပြီးဖြစ်ကြောင်းနှင့် တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြပြီး မန္တလေး ကန်တော်ကြီးနှင့် တောင်သမန်ကန် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆောင်ရွက်ထားမှုအခြေအနေတို့ကိုလည်းကောင်း၊ မန္တလေးမြို့ (၆၂)လမ်းကို မူလအကျယ် ၂၄ပေရှိ နှစ်လမ်းသွားမှ လက်ရှိ အကျယ် ၄၈ပေရှိလေးလမ်းသွား ကားလမ်းအား တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

ရောဝတီတံတား(ရတနာပုံ)မှာ လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ် ချဉ်းကပ်တံတားလုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေ

ရောဝတီတံတား(ရတနာပုံ) တည်ဆောက်နေမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ ဓမ္မကထိက ဗဟုဇနဟိတရေ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)သည် ဖေဖော်ဝါရီ ၇ရက်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့၊ ၈ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ စာပြန်ပွဲသာသနာ့ဗိမာန် ဓမ္မသဘင်၊ ၁၄ရက်တွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်လရောင်လမ်း၊ မတ် ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ရက်တို့တွင် ဧရာဝတီတိုင်း ကြံခင်းမြို့ ရေလယ်ကျွန်းရွာတို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် ဖေဖော်ဝါရီ ၇ ရက်ထိ ရက်တိုးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကိုအမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ပဥ္စမနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပလျက်ရှိပြီး လာရောက်အားပေးသူများ များပြားသဖြင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၇ရက်အထိ ရက်တိုး၍ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ်
၇း၁၀	တေးဂီတအစီအစဉ်
၇း၁၅	မေးကြည့်ဖြေကြည့် ပဟေဠိ (ထွန်းထွန်း၊ မျိုးစန္ဒီကျော်)
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	ကပ်တဲလ်ကြိုးတံတား
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	ရှုချင်စရာမျက်လှည့်ပဒေသာ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ဖြည့်ဆည်းအားပေး ကလေးနှင့် လူငယ် စောင့်ရှောက်ရေး
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	ကောင်းကျိုးရှိမည် CMP (ပွင့်နဒီမောင်၊ မြင့်မြင့်ခိုင်၊ တက္ကသိုလ်ဂွမ်းပုံ)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	Business Talk (ဦးမျိုးမြတ်သူ၊ ဦးငွေးဝင်း(၂)၊ ဘုန်းခိုင်ဝင်း)
၁၀း၅၀	ဒီဇိုင်းယဉ်ကျေးမှု
၁၁း၀၀	စိုက်ပျိုးလေ့လာ မှိုသင်တန်းမှာ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ (ပွဲစဉ်-၃)
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	ဖွံ့ဖြိုးသာယာ မင်းကုန်းကျေးရွာ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ကရာတေးဒိုအားကစား
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဗြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ ဓမ္မကထိက ဗဟုဇနဟိတဓရ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ နယ်လှည့် ဓမ္မကထိက)သည် ဖေဖော်ဝါရီ ၇ရက်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့၊ ၈ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ စာပြန်ပွဲ သာသနာ့ဗိမာန် ဓမ္မသဘင်၊ ၁၄ရက်တွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖဲရပ်ကွက် ဗိုလ်လရောင်လမ်း၊ မတ် ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ရက်တို့တွင် ဧရာဝတီတိုင်း ကြံခင်းမြို့ ရေလယ်ကျွန်းရွာတို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် ဖေဖော်ဝါရီ ၇ ရက်ထိ ရက်တိုးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ပဉ္စမနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပလျက်ရှိပြီး လာရောက်အားပေးသူများ များပြားသဖြင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၇ရက်အထိ ရက်တိုး၍ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	-	၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆
အချိန်	-	နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	-	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

ဖေဖော်ဝါရီ ၅ရက်က ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်ကိုယ်စားပြု မြို့နယ်များသို့ လှည့်လည်သယ်ဆောင်ခြင်း၊ ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေသည်ကို တွေ့ရစဉ်။ (သတင်း-ကျောဖုံး) (မြို့တော်သတင်း)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉နာရီခွဲက ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ကျိုင်းတုံတပ်နယ်မှ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ခြံစည်းရိုးကြက်ဆူပင် လျာထားသတ်မှတ်ချက်အတိုင်း အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်ရေးနှင့် ကြက်ဆူဆီကို ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်ခြင်းအား ပြည်သူများသိရှိလာအောင် သရုပ်ပြ ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ခြံစည်းရိုးကြက်ဆူစေ့မှ ကြက်ဆူဆီ ထုတ်လုပ်ပုံနည်းစနစ်များနှင့် ဇီဝလောင်စာအဖြစ် အသုံးပြုပုံများကို ကွန်ပျူတာ ပရိုဂျက်တာများ၊ နမူနာပုံစံများဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးမြင့်သွင်က ခြံစည်းရိုးကြက်ဆူမှ ဇီဝလောင်စာ ထုတ်လုပ်သုံးစွဲမှု နည်းစနစ်အဆင့်ဆင့်နှင့် ဇီဝလောင်စာအသုံးပြုခြင်းဖြင့် အင်ဂျင်စက်များတွင် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

အစီအစဉ်များတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဌာနအလိုက်၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူ လျာထားချက်နှင့် လက်ရှိ စိုက်ပျိုးပြီးစီးမှု၊ ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့ပြုစု ပျိုးထောင်စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ နယ်မြေခံတပ်ရင်း ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်၌ ကြက်ဆူမျိုးကိုင်း ပျိုးပင် ၅၀၀၀၀ ပြုစုပျိုးထောင် စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်၌ ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး သုတေသနခြံ၊ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်၌ ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့များအား ပျိုးထောင် ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သုတေသနခြံ ရှင်းလင်းဆောင်တွင် လက်ထောက်သုတေသနအရာရှိ ဦးမြင့်အောင်က ဆည်ရေသောက် စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများ၊ ယာစပါးမျိုးများ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် စပ်မျိုး အစေ့ထုတ်ပြောင်းမျိုး ထုတ်လုပ်မှုများကို ဒေသနှင့် ကိုက်ညီပြီး မျိုးကောင်းမျိုးသန့်များအဖြစ် သုတေသနပြုလုပ်ထားရှိမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက သုတေသနပြုလုပ်ထားရှိသည့် သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဖေဖော်ဝါရီ ၁ ရက်နေ့အထိ ခြံစည်းရိုးကြက်ဆူပင် ၁၆၉၅ ဒသမ ၂၃ဧက စတင်စိုက်ပျိုးထားရှိပြီး ခြံစည်းရိုးကြက်ဆူမျိုးကိုင်း၊ မျိုးစေ့များမှ ပျိုးပင် စုစုပေါင်း ၂၁၅၇၅၆၂ ပင် ပြုစုပျိုးထောင်ထားရှိကာ မျိုးစေ့ ၃၇၀ ဒသမ ၆တင်း စုဆောင်းထားရှိပြီးဖြစ်ကြောင်းနှင့် သတ်မှတ်ဧက ပြည့်မီအောင်မြင်ဖြစ်ထွန်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



မွန်ပြည်နယ် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ပေရှိ ကမာဝက်-ကမာအုပ် ကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာတွင် တူးဖော်ပြီးစီးသော လက်နှိပ်တုံကင်တွင်း၏ ရေထွက်ရှိမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ ပဲချက်ကုန်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် နေပူကုန်းကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၀၀ ၆။ အဆိုပြိုင်ပွဲ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၈။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၅ ၉။ ဂုံညင်းတန်းတံတား
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Grammar Made Easy.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အထူးပြုများ) (ရူပဗေဒ)
၅း၀၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၅ ၈။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၅း၃၅ ၉။ အနာကြီးရောဂါ ဆက်လက်ကင်းဝေးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့
၅း၄၅ ၁၀။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၅း၅၀ ၁၁။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ (အပိုင်း-၁၃)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၆၁)**
၆း၅၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၃၆)**
၇း၄၀ ၁၆။ "ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တစ်နေ့တာ)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း-၇)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(စစ်ကိုင်းဘက်ကမ်း) ရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် မန္တလေးဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်တို့က စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားများ တည်ဆောက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက တံတားလုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရန် အပိုင်းလိုက် တစ်ပြိုင်တည်း ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အထူး ဂရုစိုက် ဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ရေလယ်၌ ပင်မတံတားသံပေါင် တပ်ဆင်နေမှုနှင့် မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရေဝတီတံတား(ရတနာပုံ) ၏ ချဉ်းကပ်တံတားလုပ်ငန်းများမှာ ၈၅ ရာခိုင်နှုန်းပြီးစီးပြီး ပင်မ တံတားအနေဖြင့် သံပေါင် ၁၁၂၆ မီတာ တပ်ဆင်ရမည်ဖြစ်ရာ မီတာ ၈၈၀ တပ်ဆင်ပြီးဖြစ်သည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများ ကို သတ်မှတ်ကာလအတွင်း စံချိန် စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက် ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက် များကိုဖြည့်ဆည်းပေးကာ တည်ဆောက် ရေး လုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ကို ဘိုးရင်း ၇၄၇–၄၀၀ လေယာဉ်များ ဆင်းတက်နိုင်ရန် မူလပေ ၈၁၀၀မှ ပေ ၁၁၂၀၀သို့ တိုးချဲ့ဆောင်ရွက်လျက် ရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

စိန်ရတုသဘင်နှင့် ဓမ္မပူဇာဆုနှင်းသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ (၇၅)ကြိမ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် နာယကဆရာတော်များ၊ နိဗဒ္ဓဆရာတော်များနှင့် စာအောင်သံဃာတော်များအား မြို့လှည့်ပူဇော်ပွဲကို မတ်၂၅ရက်တွင် လည်းကောင်း၊ နာယကဆရာတော်များ၊ နိဗဒ္ဓဆရာတော်များပူဇော်ပွဲနှင့် စာအောင်သံဃာ ဓမ္မပူဇာဆုနှင်းသဘင်၊ ဆွမ်းခြောက်လောင်းလှူပွဲကို မတ် ၂၆ရက်တွင် မော်လမြိုင်မြို့ တောင်ပေါက်ကျောင်း ဓမ္မာရုံကြီး၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (က–ပ)

သွေးဆေးကန် အရှင်နန္ဒာစရိယ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယ)သည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ရွာ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၁၃ရက် အထိ တရားစခန်းဖွင့်၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တိုက်(၂)၊ သစ္စာဥယျာဉ်အိမ်ရာနေ နှစ်ဖက်မိဘများအားအမှူးထား၍ ကိုတက်တိုး–မခင်အေးဝင်း၊ သား မောင်ဇေယျာတက်တိုးနှင့် မောင်လျှမ်းတက်တိုး မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ (၅–၂–၂၀၀၆)

ဟားခါးနှင့် နမ့်စန်
၂ ဒီဂရီစင်တီဂရိတ်

လားရှိုးနှင့် ပင်လောင်း
၄ ဒီဂရီစင်တီဂရိတ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ပါမောက္ခဒေါက်တာ ဦးခင်မောင်တူးနှင့် ဒေါက်တာဒေါ်ဌေးဌေးနွယ် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ကျပ်ခုနစ်သိန်းရှစ်သောင်းတန်ဖိုးရှိ မျက်စိအတွင်း ထည့်မှန်ဘီလူးများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က–ပ)

(၄၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ဘဏ္ဍာရေးနှင့် အခွန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဒေါ်ခင်အေးလှိုင် (လက်ထောက် ညွှန်ကြားရေးမှူး) **(အပေါ်ပုံ)**သည် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)တွင် အကောက်ခွန်နေ့ ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂၄ရက်က (၄၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က–ပ)

သရက်ခရိုင်မဂ္ဂဇင်း စာမူများပေးပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မကွေးတိုင်း သရက်ခရိုင်မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ သုတရသ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စာမူများကို မတ် ၁၅ရက် နောက်ဆုံးထား၍ ဦးမင်းဟန်(မင်းဟန်လှုဦး) ဖုန်း–၀၆၈–၂၁၀၂၇၊ ဦးကြည်မင်းဖုန်း–၀၆၈–၂၁၀၁၇၊ ဒေါ်တင်တင်ထွေး (တင်ထွေးသစ်) ဥက္ကဋ္ဌ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဦးအေးဝေ(အေးဝေ–သရက်) အနောက်ပိုင်းရပ် သရက်မြို့နှင့် ဦးအောင်စိုး တက္ကသိုလ်ရိပ်သာလမ်းသစ် ရန်ကုန်မြို့ ဖုန်း ၀၁–၅၄၅၁၃၅ တို့သို့ပေးပို့ကြရန် ဖိတ်ခေါ်ထားသည်။ (က–ပ)

မြရတနာထောလပတ် ခေါင်းလိမ်းဆီမွှေး တတိယအကြိမ် ကံထူးသူများအား ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြရတနာထောလပတ် ခေါင်းလိမ်းဆီမွှေး၏ တတိယအကြိမ် ကံထူးသူများနှင့် မြရတနာခေါင်းလိမ်းဆီ အရောင်း ကိုယ်စားလှယ်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Golden Princess International ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြရွှေနှင့် တာဝန်ရှိသူများက မြရတနာထောလပတ် ခေါင်းလိမ်းဆီမွှေး ဝယ်ယူသုံးစွဲသူ ကံထူးရှင်များနှင့် အရောင်းကိုယ်စားလှယ်များအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကံထူးရှင် ပထမဆုရ မသီရိလှိုင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြရွှေတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲတွင် ကံထူးရှင် ပထမဆုတစ်ဆု၊ ဒုတိယဆုငါးဆု၊ တတိယဆုသုံးဆုနှင့် အရောင်းကိုယ်စားလှယ် ၁၂ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ နှစ်သိမ့်ဆုရရှိသူ ၁၆ဦးတို့သည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း အမှတ်(၆၅)၌ ဖေဖော်ဝါရီ ၆ရက်မှ ၂၆ရက်အတွင်း ဆုများ လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

မြရတနာ ထောလပတ်ခေါင်းလိမ်းဆီမွှေး၏ တတိယအကြိမ် ကံထူးသူများနှင့် မြရတနာ ခေါင်းလိမ်းဆီ အရောင်း ကိုယ်စားလှယ်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေခြည်ဖြာမှ (အပိုင်း–၉)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း–၁၆)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၅

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သော ခတ္တိယကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်၌ ကျင်းပရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မအူပင်ခရိုင်နှင့် ပန်းတနော်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေဦးက လမ်းဖောက်လုပ်ရာတွင် အသင်းက ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများနှင့် လမ်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဘုရားကုန်းကျေးရွာမှ ကရင်တိုင်းရင်းသား ဦးချိုက လမ်းဖောက်လုပ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားပြီး လမ်းသစ်ကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းမှာ ခတ္တိယကျေးရွာနှင့် ဝါးခယ်မကားလမ်း ဆက်သွယ်သည့် လမ်းဖြစ်ပြီး အရှည် တစ်မိုင် ခုနစ်ဖာလုံနှင့် အကျယ် ၁၀ပေရှိကာ မြေသားလမ်းကို ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနက ထောက်ပံ့ ရန်ပုံငွေကျပ် ၁၄၃သိန်း၊ အဖွဲ့ရန်ပုံငွေကျပ် ၁၅ဒသမ ၇၃ သိန်း စုစုပေါင်းငွေကျပ် ၁၅၈ဒသမ ၇၃သိန်းဖြင့်စတင်ဖောက်လုပ်ခဲ့သည်။၂၀၀၅ –၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနက ထောက်ပံ့ ရန်ပုံငွေကျပ် ၁၅၉ ဒသမ၅ သိန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

လမ်းဖောက်လုပ် ပြီးစီးမှုကြောင့် ယခင်က ရေလမ်းခရီးသာ အားကိုးနေရသည့် ခနွဲကဘို၊ ခတ္တိယ၊ ပေပင်(မြောက်) ကျေးရွာအုပ်စုသုံးအုပ်စုမှ ကျေးရွာပေါင်း ၂၀၊ အိမ်ခြေ ၂၂၉၆အိမ်၊ အိမ်ထောင်စု ၂၃၀၇စုနှင့် လူဦးရေ ၁၀၈၃၈ဦး ၊ပဲ့ဒေါင်၊ ပေပင်(တောင်)၊ ပြလင်းနှင့် ကျုံတိုင်းကလေး ကျေးရွာအုပ်စု လေးအုပ်စုမှ ကျေးရွာပေါင်း ၃၃ရွာ၊အိမ်ခြေ ၃၉၇၈အိမ်၊အိမ်ထောင်စု ၃၉၇၅စု၊ လူဦးရေ ၂၀၄၅၅ ဦးတို့အတွက် ကျေးရွာချင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး အချိန်တိုတောင်းသွားခြင်း၊ ဒေသထွက်ကုန်များကို ပန်းတနော်မြို့၊ရွှေလောင်းမြို့နှင့် နီးစပ်ရာဈေးကွက်များသို့ အချိန်မီတင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် ဒေသခံ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် စီးပွားရေး အခြေအနေများ အဆင့်မြင့် တိုးတက်လာကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ခတ္တိယကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဘုရားချောင်းကျေးရွာအုပ်စု၊ ပေပင်(မြောက်) အုပ်စု၊ ခတ္တိယ (အထက်) ကျေးရွာအုပ်စု၊ ခနွဲကဘိုကျေးရွာအုပ်စုများမှ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခတ္တိယကျေးရွာ မူလတန်းကျောင်းပြင်ဆင်ရန် ရန်ကုန်မြို့နေ ဒေါ်ညွန့်ညွန့်(သဇင်) မိသားစု၏ လှူဒါန်းငွေ ကျပ်တစ်သိန်းကို ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က လက်ခံသည်။

ထို့နောက် ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများ၊ ဖောက်လုပ်ပြီးသော လမ်းတံတားများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊မြို့ရွာဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၏ ခံစားရရှိမှုများအပေါ် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ခနွဲကဘိုကျေးရွာသို့ သွားရောက်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ခတ္တိယကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (နယ်စပ်/စည်ပင်)

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ကျွမ်းကျင်ပညာရှင်အဆင့်၊ အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်စကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါးခေါင်းစဉ်မှာ **"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံသစ် တည်ဆောက်ရေးနှင့် တပ်မတော်"**ဖြစ်သည်။

ဆောင်းပါးရေးသားရာတွင် ပေးထားသောခေါင်းစဉ်နှင့် ကိုက်ညီခြင်း၊ အကြောင်းအရာ အချက်အလက်ပြည့်စုံခြင်း၊ အရေးအသား ရှင်းလင်းပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်း မှန်ကန်ခြင်း၊ အစီအစဉ် ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင် ရေးရမည့်အပြင် စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် မိမိတို့ကိုယ်တိုင် ရေးသားသောစာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကိုယ်တိုင် ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (နှစ်လက်မခွဲ x နှစ်လက်မအရွယ်) နှစ်ပုံတို့ကိုပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများသည် ယှဉ်ပြိုင်မည့် ဆောင်းပါးကို ၁၅–၂–၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစောလွင် ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ထံသို့ တိုက်ရိုက်ပေးပို့ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ SANYO လျှပ်စစ်ကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံ ဈေးကွက်ဖြန့်ဖြူးရေးကိုယ်စားလှယ် OK Myanmar Co., Ltd. SANYO လေအေးပေးစက် အမျိုးအစားသစ်များ ရှင်းလင်းပြသပွဲတွင် OK Myanmar Co., Ltd. Managing Director ဦးကျော်ကျော် ကုမ္ပဏီ၏လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

SANYO လေအေးပေးစက်သစ်များ ရှင်းလင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံ SANYO လျှပ်စစ်ကော်ပိုရေးရှင်း၏မြန်မာနိုင်ငံ ဈေးကွက်ဖြန့်ဖြူးရေးကိုယ်စားလှယ် OK Myanmar Co., Ltd. ၏ SANYO လေအေးပေးစက် အမျိုးအစားသစ်များ ရှင်းလင်းပြသပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီတွင် Dusit Inya Lake Hotel ၌ ကျင်းပရာ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ OK Myanmar Co., Ltd.Managing Director ဦးကျော်ကျော်လှိုင်က ကုမ္ပဏီ၏ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။ ဆက်လက်၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ် (ငြိမ်း)က SANYO လျှပ်စစ်ပစ္စည်း ဝယ်ယူသုံးစွဲသူများအား အနီးကပ်ဝန်ဆောင်မှုလုပ်ငန်းများ ပေးနိုင်ရန်အတွက် မန္တလေးမြို့နှင့် ပျဉ်းမနားမြို့တို့၌ SANYO အရောင်းပြခန်းနှင့် Service Centre များ ဖွင့်လှစ်ထားရှိမှု အခြေအနေများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကုမ္ပဏီအင်ဂျင်နီယာများက SANYO လေအေးပေးစက် အမျိုးအစားသစ်များကို ရှင်းလင်းပြသသည်။

အရည်အသွေးကောင်းမွန်

SANYO (GTC) အမျိုးအစား လေအေးပေးစက်များသည် စီးပွားရေးလုပ်ငန်းများတွင် ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခင် SANYO လေအေးပေးစက်များနည်းတူ အရည်အသွေးကောင်းမွန်ကာ အာမခံသက်တမ်းတစ်နှစ်အတွင်း ပျက်စီးချို့ယွင်းမှုရှိပါက ကုမ္ပဏီက အခမဲ့ပြုပြင်ပေးမည်ဖြစ်သည်။ အဆိုပါ လေအေးပေးစက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များနှင့် OK Myanmar Co., Ltd. ရွှေဂုံတိုင်အရောင်းပြခန်းဖုန်း ၅၄၄၄၆၃၊ ၅၄၄၄၆၄, ၅၄၄၄၆၅၊ ပန်းဆိုးတန်း အရောင်းပြခန်း ဖုန်း ၂၄၁၀၇၇၊ ၃၈၄၀၇၇၊ ဗိုလ်အောင်ကျော် အရောင်းပြခန်း ဖုန်း–၃၇၇၆၂၇၊ ပျဉ်းမနား အရောင်းပြခန်း ဖုန်း ၀၆၇–၂၂၉၅၃ တို့တွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်သည်။ (သတင်းစဉ်)



ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၅)လမ်းနေ ရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကွယ်လွန်သူနှစ်ဖက်မိဘများအား ရည်စူး၍ ကြည့်မြင်တိုင် ကမ်းနားလမ်း ကမ်းသာယာပလာဇာနေ ဦးအောင်ဌေး–ဒေါ်နန်းခင်ဖြူ မိသားစုက ကျောက်တံတားမြို့နယ် ၃၄လမ်း အမှတ်(၁၂၀) ချမ်းသာစာပေတိုက်၌ ဖွင့်လှစ်ထားသော မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းသို့ ဖေဖော်ဝါရီ ၄ရက်က ငွေကျပ် ၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ထမ်းတစ်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (၁၁)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုးရေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့မွန်းလွဲ ၁၂နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သင်တန်းခန်းမ၌ ကျင်းပသည့် စည်းရုံးရေးစွမ်းရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်သည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင် ကိုင်းပျိုးပင် ၁၀၀၀နှင့် မျိုးစေ့ပျိုးပင် ၂၃၀၀တို့ကို ကြည့်ရှုစစ်ဆေးပြီး တစ်အုပ်တစ်မစိုက်ပျိုးသွားရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် မွန်းလွဲ ၁နာရီခွဲတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်ခုနစ် ခရိုင်နှင့် မြို့နယ်၃၁မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင် ကိုင်းပျိုးပင်နှင့် မျိုးစေ့ပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)



မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံ့ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်ဆဲလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၄ရက်က အောက်ကျင်းရပ် တရုတ်တန်းလမ်းနေ ဦးရွှေဟန်၊ ဒေါ်ခင်ညွန့် သားသမီးမြေး မြစ်နှင့် ဒေါက်တာခင်မောင်အေး၊ ဒေါက်တာ သန်းလှဲ့ဝင်း၊ သမီး ယဉ်မေသက်၊ လှဲ့ယဉ်ထက် မိသားစုတို့က ငွေကျပ် ခြောက်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။

(၂၅၇)

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်း တတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲအဖြစ် မန္တလေးတိုင်းအသင်းနှင့်ပဲခူးတိုင်းအသင်းတို့သည် ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက ခြောက်ဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယနေရာ ရရှိသွားသည်။

မန္တလေးတိုင်းအသင်း ခြောက်ဂိုး။

(အောင်မျိုးလွင်-သုံးဂိုး၊ ဝဏ္ဏဖေယျာလွင်၊ ဇင်လင်းအောင်နှင့် ကျော်မိုး-တစ်ဂိုးစီ)

ပဲခူးတိုင်းအသင်း နှစ်ဂိုး။

(ဇင်မင်းထက်နှင့်ချိုသဲမောင်)

အကောင်းဆုံးဆု-အောင်မျိုးလွင် (မန္တလေး)

ဒိုင်လူကြီး ဦးထွန်းဝေ။

မန္တလေးတိုင်းအသင်းသည် လက်ရှိချန်ပီယံသရဖူကို မကာကွယ်နိုင်ခဲ့သော်လည်း တတိယနေရာလုပွဲ၌ ဂိုးအပြတ်အနိုင်ယူကာ တတိယရသွားသည်။

မန္တလေးတိုင်းအသင်းမှာ ရရှိသော အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်၍ ဂိုးအပြတ် အနိုင်ရသွားခြင်းဖြစ်သည်။ ပဲခူးတိုင်းမှာ ဂိုးသွင်းခွင့်များစွာရရှိသော်လည်း အသုံးမချနိုင်၍ ရှုံးသွားခြင်းဖြစ်သည်။

ဦးဆောင်နေ

ပထမပိုင်းတွင် နှစ်သင်းစလုံး ခြေရည်တူကစားနိုင်ကြသလို ဂိုးသွင်းခွင့်များကို ဖန်တီးနိုင်ခဲ့ကြသည်။ မန္တလေးတိုင်းအသင်းအတွက် ပထမဂိုးကို ၂၅မိနစ်တွင် အောင်မျိုးလွင်ကလည်းကောင်း၊ ဒုတိယဂိုးကို ၃၅မိနစ်တွင် ဇင်လင်းအောင်ကလည်းကောင်း သွင်းယူ၍ မန္တလေး တိုင်းကနှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းပွဲအစ ၅မိနစ်တွင် ချိုသဲမောင် ကန်တင်ပေးသော ဘောလုံးကို ဇင်မင်းထက်က ကန်သွင်းလိုက်၍ ပဲခူးတိုင်း ချေပဂိုးတစ်ဂိုးရရှိသည်။ ထို့နောက် မန္တလေးတိုင်းအတွက် တတိယဂိုးကို ၁၄မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အောင်မျိုးလွင်က သွင်းပြီး တစ်မိနစ်အကြာတွင် ချိုသဲမောင်က ပဲခူးတိုင်းအတွက် ဒုတိယဂိုးသွင်းယူသည်။

အနိုင်ရရှိ

ဒုတိယပိုင်း ၁၇မိနစ်တွင် အောင်မျိုးလွင်က မန္တလေးတိုင်းအတွက် စတုတ္ထဂိုး၊ ၂၈မိနစ်တွင် ဝဏ္ဏဖေယျာလွင်က ပဉ္စမဂိုးနှင့် ၃၂မိနစ်တွင် ကျော်မိုးက ဆဋ္ဌမဂိုးသွင်းယူလိုက်သဖြင့် မန္တလေးတိုင်းက ပဲခူးတိုင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန္တလေးတိုင်းအသင်းတွင် ဂိုး-ဌေးလှိုင်ထွန်း၊ နောက်တန်း-ထွန်းလင်းဇော်၊ ရန်နိုင်၊ သိန်းစိုးမင်း၊ တင်မင်းအောင်၊ အလယ်တန်း-သန်းဇော်၊သိန်းဇော်ဦး၊ အောင်မျိုးလွင်၊ ဇင်လင်းအောင်၊ ရှေ့တန်းတွင် ဝဏ္ဏဖေယျာလွင်၊ (ဝေယျာဦး) နှင့် အောင်ကိုဝင်း၊ (ကျော်မိုး) တို့ ပါဝင်ကစားသွားကြပြီး ပဲခူးတိုင်းအသင်းတွင် ဂိုး-အောင်မင်းထွန်း၊ (စိုးနောင်ထွေး)၊ နောက်တန်း-သူရ၊ အောင်ဇော်ဖြိုး၊ အောင်ကိုလတ်၊ သူရကျော်၊ အလယ်တန်း-ချမ်းမြေ့မောင်မောင်၊ ရာဇာထွန်း၊ ချိုသဲမာင်၊ အောင်ကိုကိုဝင်း၊ ရှေ့တန်းတွင် ဇင်မင်းထက်နှင့် ရဲထွန်းနိုင်တို့ ပါဝင်ကစားသွားကြသည်။

၇-၂-၂၀၀၆

ညနေ ၃နာရီ

(သုဝဏ္ဏကွင်း)

ဗိုလ်လုပွဲ

ဧရာဝတီတိုင်းနှင့်

ရှမ်းပြည်နယ် (တောင်ပိုင်း)

(ကြေးမုံ)

မန္တလေးတိုင်းအသင်းမှ အောင်မျိုးလွင်က ပဲခူးတိုင်း ဂိုးသမား အောင်မင်းထွန်းကိုကျော်၍ ပထမဂိုးသွင်းယူလိုက်စဉ်။ (ကြေးမုံ)

ဗုဒ္ဓလက်ထက်က ဇနီးမောင်နှံများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၅

စာရေးဆရာ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)က ဘုရားရှင်လက်ထက်တော်က သက်ရှိထင်ရှားရှိခဲ့ကြသော ဇနီးမောင်နှံ စုံတွဲများနှင့် ပတ်သက်၍ လေ့လာမှတ်သားဖွယ်၊ လေးစားလိုက်နာဖွယ် အကြောင်းရပ်များကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် လပေါင်း ၂၀တိုင်တိုင် ရေးဖွဲ့သီကုံးခဲ့သော ဗုဒ္ဓဆိုင်ရာ စာပေများကို စုစည်းလျက် ဗုဒ္ဓလက်ထက်က ဇနီးမောင်နှံများ အမည်ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေလိုက်သည်။ အဆိုပါစာအုပ်တွင် ဥပကနှင့် မစာဝါ၊ မဟာကပ္ပိနနှင့် အနောဇာ၊ ဝိသာခနှင့် ဓမ္မဒိန္နာ၊ ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီ၊ နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ အစရှိသော စုံတွဲများအပါအဝင် ဇနီးမောင်နှံစုံတွဲ ၂၀တို့၏ ဓမ္မသံဝေဂရယူဖွယ် ဖြစ်ရပ်များကို စာပန်းချီခြယ်သထားပြီး ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း-၃၇၄၅၃၂၊ ၇၂၅၅၃၀၊ သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် တစ်အုပ်လျှင် ကျပ် ၇၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

ပြသဆဲရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရုပ်ရှင် ဇာတ်ကားသစ်များရုံတင်ပြသခြင်းမရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်များနှင့် နိုင်ငံခြားရုပ်ရှင် ဇာတ်ကားများသာ ဆက်လက် ပြသလျက်ရှိသည်။

မင်္ဂလာပါ

အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးမှ ထူးဆွေအောင်၏ ဝတ္ထုကိုဆုညြချယ် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မီးပွားရိုက်ကူးသည့် ပရိတ်သတ် အားပေးမှုရနေသော ဟာသ **မင်္ဂလာပါ** ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက် ပြသနေသည်။

သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင်မူ ဒါရိုက်တာ မီးပွားရိုက်ကူးပြီး လွင်မိုး၊ ထွန်းအိန္ဒြာဗိုလ်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **တစ်ခါက ဧရာဝတီညများ** ဇာတ်ကား ဆက်လက်ပြသနေသည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် ဒါရိုက်တာ John Singleton ရိုက်ကူးသည့် Four Brothers ဇာတ်ကား၊ မင်္ဂလာရုံတွင် ဒါရိုက်တာ Lee Tamahor ရိုက်ကူးသည့် Die Another Day ဇာတ်ကား၊ နေပြည်တော်ရုံတွင် ဒါရိုက်တာ Tsui Hark ရိုက်ကူးသည့် Seven Swords ဇာတ်ကား၊ မြို့မတန်းမြင့် ရုပ်ရှင်ရုံတွင် Khiladi 420 အိန္ဒိယဇာတ်ကားနှင့် ရွှေဂုန်အဆင့်မြင့်ရုပ်ရှင်ရုံတွင် စတီဗင်ဆီးဂဲလ်ပါဝင်သည့် Under Siege ဇာတ်ကားများ ပြသနေသည်။

(ကြေးမုံ)

ရှေ့ဆောင်ရုပ်ရှင်ရုံတွင် ပြသလျက်ရှိသည့် မင်္ဂလာပါ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

မင်္ဂလာတောင်ညွန့်မြို့နယ်အထက (၁)၏ အောင်ပွဲရ အားကစားသမားများ ဂုဏ်ပြုပွဲတွင် ရန်ကုန်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားသက်ငယ်တန်း၌ အထူးချွန်ဆုံး အားကစားသမားဆုရ မောင်ကောင်းမြတ်ဝေအား အမက(၉)မင်္ဂလာတောင်ညွန့်မှ မယွန်းမှိမှိနိုင်(မိုးသောက်ပန်းနာရီမိသားစု)က ဂုဏ်ပြုနာရီဆု ပေးအပ်စဉ်။ (၃၁၄)

Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဇော်ဇော်လတ်က ၂၁၁ ချက်ဖြင့် ဆက်လက်ဦးဆောင်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် တတိယနေ့ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ကော့သောင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ်ကပင် ၆၉+၇၀+၇၂ ပေါင်း ၂၁၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း (KM Golf Centre)က တတိယနေ့ပြိုင်ပွဲတွင် လက်စွမ်းပြ၍ ယှဉ်ပြိုင်ကစားပြီး သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ ၇၁+၇၃+၆၈ ပေါင်း ၂၁၂ချက်ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်း (Srixon) က ၇၁+၇၃+၇၀နှင့် ယဉ်အောင်လတ် (တောင်ကြီး) က ၇၀+၇၄+ ၇၀ ပေါင်း ၂၁၄ချက်စီဖြင့် တတိယ၊ နာမည်ကြီးချန်ပီယံဟောင်း စိုးကျော်နိုင် (Srixon)က ၇၂+၇၄+၇၄ ပေါင်း ၂၂၀ ချက်ဖြင့် စတုတ္ထအသီးသီး လိုက်နေကြသည်။

အလားအလာကောင်း

Amateur ပြိုင်ပွဲတွင် အောင်ဝင်း(သစ်တောရေးရာဝန်ကြီးဌာန)က လက်စွမ်းပြပြီး တတိယနေ့ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ ၇၃+၈၀+၆၉ ပေါင်း ၂၂၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ အောင်ဝင်းသည် ဖိုလ်စွဲရန် အလားအလာကောင်းနေသည်။

ဘိုဘိုက ၇၅+၇၇+၇၈နှင့် ငွေထွန်းက ၇၀+၇၉+၈၁ ပေါင်း ၂၃၀ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး နိုင်နိုင်လင်းက ၇၉+၇၄+၇၈ ပေါင်း ၂၃၁ ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Bank Ltd.ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd၊ "Myanmar" Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Kaw Thaung Golf Club၊ Srixon၊ Kachin Golfers Group ၊ Jade Land Myanmar Co. Ltd.၊ Max Myanmar Co. Ltd.၊ London၊ Viking Marine Product Trading Co. Ltd. တို့က အသီးသီး ပါဝင်ကူညီကြပြီး ကော့သောင်း ဆဋ္ဌမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၆ရက် နံနက် ၇နာရီခွဲတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပန်ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ အယ်လ်လင်နာဒီမန်တီဗာ ဖိုလ်စွဲ

တိုကျို ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော ပန် ပစိဖိတ်အိုးပင်း (Pan Pacific Open) တင်းနစ်ပြိုင်ပွဲ ဖိုလ်လုပွဲတွင် ရုရှားနိုင်ငံသူ အယ်လ်လင်နာဒီမန်တီဗာက ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်ကို ၆-၂၊ ၆-၀ ဖြင့် အနိုင်ရဖိုလ်စွဲသွားသည်။

တင်းနစ်လောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာသူ မာတီနာဟင်းဂစ်သည် တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဖိုလ်စွဲရန် အားခဲထားသမျှမှာ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရသည်။

မာတီနာဟင်းဂစ်သည် ခြေထောက်နှင့် ခြေချင်းဝတ်တို့တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လွန်ခဲ့သည့် နှစ်နှစ်တာကာလပတ်လုံး တင်းနစ်လောကမှ ပျောက်ကွယ်နေခဲ့ပြီး တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာမှုမှာ တစ်လမျှသာရှိသေးသည်။ မာတီနာဟင်းဂစ်သည် အကြိုဖိုလ်လုပွဲတွင် ရုရှားနိုင်ငံသူ နာမည်ကြီး မာရီယာရှာရာပိုဗာကို အနိုင်ရရှိခဲ့သော်လည်း ဖိုလ်လုပွဲတွင်မူ အရေးမလှခဲ့ချေ။ ***အင်တာနက်။***

ရော်ဂျာဖက်ဒရဲရား ဒေးဗစ်ဖလား ပထမအကျော့တွင် မပါဝင်ဟုဆို

ဘန်း(ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၅

ကမ္ဘာ့နံပါတ် (၁) တင်းနစ်သမားတစ်ဦးဖြစ်သူ ရော်ဂျာဖက်ဒရဲရားသည် လာမည့်ရက်သတ္တပတ်တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပမည့် ဒေးဗစ်ဖလား ကမ္ဘာ့အုပ်စု ပထမအကျော့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း သောကြာနေ့တွင် ထုတ်ပြန်သည့် ဖက်ဒရဲယား၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဂျီနီဗာမြို့တွင်ကျင်းပမည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ၏ ဖွင့်ဆော်ဦးပွဲစဉ်အရ အိမ်ရှင်ဆွစ်ဇာလန်နိုင်ငံ အသင်းသည် ဩစတြေးလျနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အသက် (၂၄)နှစ်အရွယ်ရှိ ဖက်ဒရဲရားသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် နယ်သာလန်နိုင်ငံ ရော်တာဒမ်မြို့၌ကျင်းပမည့် ဩစတြေးလျ ပညာရှင်အဆင့် တင်းနစ်အားကစားသမားများ၏အသင်း (အေတီပီ)၏ ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ဖက်ဒရဲရားသည် မာစတာစီးရီး တင်းနစ်ပြိုင်ပွဲနှင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတို့အတွက် ပြန်လည်အားမွေးနိုင်ရန် အနားယူလို ခြင်းကြောင့် ဒေးဗစ်ဖလား ပထမအကျော့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဖက်ဒရဲရားသည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သော ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖိုလ်လုပွဲ တွင် ဆိုက်ပရပ်နိုင်ငံမှ မားကို့စ်ဘက်ဒါတစ်ကို အနိုင်ရရှိကာ ချန်ပီယံဘွဲ့ ရရှိခဲ့သည်။ ***အင်တာနက်။***



မကြာမီက ကျင်းပခဲ့သော ဩစတြေးလျ အိုးပင်းအမျိုးသား တစ်ဦးချင်းတင်းနစ် ဖိုလ်လုပွဲတွင် အနိုင်ရ ဖိုလ်စွဲခဲ့သော ဖက်ဒရဲရားအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပရီးမီးယားရှစ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ တိုက်စစ်မှူး အလန်ရှီးယား ဂိုးသွင်းစံချိန်တင်

လန်ဒန် ဖေဖော်ဝါရီ ၅

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း အလန်ရှီးယားသည် နယူးကာဆယ်ယူနိုက်တက်အသင်း၏ သမိုင်းကြောင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သော ဘောလုံးသမားအဖြစ် စနေနေ့က စံချိန်တင်လိုက်သည်။ နယူးကာဆယ်အသင်းက ၎င်း၏ အိမ်ကွင်းတွင် ပို့စ်မောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲတွင် အလန်ရှီးယားက ၎င်း၏ ၂၀၁ ဂိုးမြောက် ဂိုးကို သွင်းယူခဲ့သည်။

အသက် (၃၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး အလန်ရှီးယားသည် ဒုတိယပိုင်းကစားစဉ် အချိန်အတွင်း ဂိုးသွင်းမှုစံချိန်သစ် တင်နိုင်ခြင်းဖြစ်သည်။ နယူးကာဆယ်ယူနိုက်တက်အသင်းအတွက် ၃၉၅ ပွဲကစားခဲ့သူ ဂျက်ကီမီးလ်ဘန်း၏ ဂိုးပေါင်း ၂၀၀ အထိ သွင်းယူနိုင်သည့် စံချိန်ကို အလန်ရှီးယား က ချေဖျက်လိုက်နိုင်သည်။

ပရီးမီးယားရှစ်ဘောလုံးပြိုင်ပွဲ၏ ယခုနှစ် ဘောလုံးရာသီအတွင်း နယူးကာဆယ်အသင်းသည် ခုနစ်ပွဲကစားခဲ့ရာတွင် ပထမဆုံးအကြိမ် အနိုင်ရခဲ့သည့်ပွဲဖြစ်ခဲ့ပြီး အမှတ်ပေးဇယားတွင် နံပါတ် ၁၅ နေရာသို့ တက်လှမ်းလာနိုင်သည်။ နယူးကာဆယ်အသင်းသည် ယခုအခါ ၂၄ ပွဲ ကစားပြီး ၂၉ မှတ် ရရှိထားပြီးဖြစ်သည်။

ပြင်သစ်တိုက်စစ်မှူး သီယာရီ ဒန်နီယယ်အွန်နရီမှာလည်း စနေနေ့က ကျင်းပသောပွဲတွင် မှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်နိုင်သည်။

အာဆင်နယ်အသင်း၏ တိုက်စစ်မှူး အွန်နရီသည် ဘာမင်ဂမ်စီးတီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲတွင် ၎င်း၏ ၂၀၀ မြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ယခုအခါ အမှတ် ၄၀ ရရှိထားသော အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားတွင် ပဉ္စမနေရာသို့ တက်လှမ်းလာပြီး တော့တင်ဟမ် ဟော့စပါးအသင်း၏နောက်မှ တစ်မှတ်လျော့ဖြင့် လိုက်နေသည်။

အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် တိုဂိုလူမျိုး တိုက်စစ်မှူး အီမန်နျူယယ် အဒီဘာယာက သွင်းယူခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် တိုက်စစ်မှူး အွန်နရီက ၎င်း၏အသင်းအတွက် အနိုင်ဂိုးကို သွင်းပေးခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် အာဆင်နယ်အသင်းမှ ဟက်စကီး ထုတ်ပယ်ခံခဲ့ရသည်။

စနေနေ့က ကျင်းပသော ပရီးမီးယားရှစ် ဘောလုံးပြိုင်ပွဲတွင် ပို့စ်မောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော ပွဲ၌ အလန်ရှီးယား အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စနေနေ့က ကျင်းပသော ပရီးမီးယားရှစ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဖူဟမ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာယူနိုက်တက်-ဖူဟမ်

အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသည့်ပွဲတွင် မန်ချက်စတာယူနိုက်တက် အသင်းက ဖူဟမ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲချိန် ၁၃ မိနစ်အတွင်းမှာပင် မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆ မိနစ်နှင့် ၁၃ မိနစ်တို့တွင် ဂျေဆွန်ပက်နှင့် ခရစ္စတီယာနို ရိုနယ်ဒိုတို့က ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၂၂ မိနစ်တွင် ဖူဟမ်အသင်းအတွက် မက်ဘရေ့ဂျ်က ခေါင်းတိုက်၍ ဂိုးသွင်းနိုင်သော်လည်း နောက်တစ်မိနစ်အကြာတွင် လူးဝစ်ဆာဟာက မန်ချက်စတာယူနိုက်တက်အသင်းအတွက် တတိယမြောက် ဂိုးကို သွင်းယူခဲ့သည်။

ပွဲချိန်၃၇မိနစ်တွင် ဖူဟမ်အသင်းမှ ဟယ်လ်ဂူဆန်က ချေပဂိုးတစ်ဂိုးကို ပြန်လည်သွင်းယူသော်လည်း ပွဲချိန် ၈၆ မိနစ်တွင် ရိုနယ်ဒိုကပင် စတုတ္ထဂိုး သွင်းယူခဲ့သည်။ ရဗန်နစ္စတယ်လ်ရွိုင်း၏ ကန်သွင်းချက်ကို ဖူဟမ်ဂိုးသမား နီမီက ကာကွယ်လိုက်နိုင်သော်လည်း ဂိုးသမား၏လက်မှ လျှံထွက်လာသည့် ဘောလုံးကို ရိုနယ်ဒိုက အပိုင်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	(၁)	ဝီဂန်	(၁)
မစ်ဒယ်ဘရော့	(၀)	အက်စ်တန်ဗီလာ	(၄)
ဝက်စ်ဟမ်း	(၂)	ဆန်းဒါးလန်း	(၀)
အဲဗာတန်	(၁)	မန်စီးတီး	(၀)
ဝက်စ်ဘရွန်း	(၂)	ဘလက်ဘန်း	(၀)

အမ်အင်အေ၊ရိုက်တာ။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

စိန်ဖူးတော် တင်လှူပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ **အောင်မင်းအောင် စေတီတော်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်းရှိ အောင်မင်းအောင်စေတီ ရွှေထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ရွှေထီးတော်တင်လှူ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်းရှိ အောင်မင်းအောင်စေတီ ရွှေထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေ အနောက်မြောက်ထောင့်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ရွှေထီးတော် တင်လှူပူဇော်သည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အောင်မင်းအောင်စေတီ ထီးတော်တင်လှူပွဲနှင့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ရေစက်ချလှူဒါန်းပွဲ၏ ပရိကမ္မ မင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်ဥယျာဉ်အား တွေ့ရစဉ်။ (သတင်းစဉ်)

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် လှည့်လည်သယ်ဆောင်ခြင်း ဝတ်စုံပြည့် အစမ်းလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်ကိုယ်စားပြု မြို့နယ်များသို့ လှည့်လည်သယ်ဆောင်ခြင်း ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့ ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုအလံတော် လှည့်လည်သယ်ဆောင်ခြင်း ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှု အစီအစဉ်အရ ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော်ခန်းမမှ စတင်က ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်းပြည်သူ့ရင်ပြင်ရှိ အလံတော်စင်မြင့်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်ခန်းမသို့လည်းကောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အလံသယ်ယူရေးအဖွဲ့များက ပြည်ထောင်စုလှေကြီးဖြင့်လည်းကောင်း၊ လက်ဆင့်ကမ်း၍ လည်းကောင်း စနစ်တကျဖြင့် ဝတ်စုံပြည့် အစမ်းလေ့ကျင့် သယ်ယူကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ***ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်က ရင်းနှီးတည်ဆောက်ပေးထားသည့် ရေရရှိရေးလုပ်ငန်းများကို အပြည့်အဝ အသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံရေး၊ သီးနှံအထွက်တိုးရေးနှင့် ရေမြေရာသီဥတုကို ထိန်းနိုင်သည့် သစ်တော၊ သစ်ပင်များအား မြတ်မြတ်နိုးနိုး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။***

(ခေါင်းကြီး၊ စာမျက်နှာ–၂)

- ***မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအနက် အနာကြီးရောဂါ ကင်းဝေးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရရှိခဲ့ပြီး ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်တွင် တစ်နိုင်ငံလုံး၌ အနာကြီးရောဂါ ကင်းဝေးပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် မတည်ရှိတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။***

ဒေါက်တာကျော်မြင့် (စီမံချက်မန်နေဂျာ) ၏ **“အနာကြီးရောဂါ ကင်းဝေးရေး နှစ်(၅၀)ခရီး”**

(ဆောင်းပါး၊ စာမျက်နှာ–၆)